# 2019-2020
# ANNUAL REPORT



**Proven Group Of Companies Limited**



## Proven Group Of Companies Limited

Manufacturing

Distribution

Auto part Import
& Distribution

Secondary
Lead Smelting



# Contents


Page

## 1.Corporate Overview

| | |
|---|---|
| Chairman's Message | 03 |
| Managing Director's Message | 05 |
| Corporate Profile | 08 |
| Our Vision, Our Mission, Our Commitment | 09 |
| Key Achievements and Highlights | 11 |
| Management Team | 13 |

## 2.Manufactured Capital 17

## 3.Corporate Governance

| | |
|---|---|
| Corporate Governance Report | 21 |
| Corporate Structure | 21 |
| Governance Structure | 22 |
| Board Matters | 23 |
| Business Development Committee | 28 |
| Audit & Risk Management Committee | 29 |
| Nomination & Remuneration Committee | 29 |
| Risk Management | 30 |
| Business Continuity Committee | 31 |
| Annual General Meeting | 32 |
| Future Plan | 34 |

## 4.Sustainability 37

| | |
|---|---|
| People | 39 |
| Planet | 47 |
| Profit | 54 |
| Society | 55 |
| Stakeholder Engagement | 57 |

## 5.Reporting

| | |
|---|---|
| Standard | 63 |
| Data | 66 |

## 6.Covid-19 Prevention 73

## 7. Directors' Report 82



# Corporate Overview

Chairman's Message
Managing Director's Message
Corporate Profile
Our Vision,Our Mission, Our Commitment
Key Achievements and Highlights
Management Team

# 1.



# "Chairman's Message"



## Dear our respectable and esteemed Shareholders and Board of Directors,

May I cordially greet to all of you.

2019-2020 fiscal year is the 25th anniversary of our Company. During that tenure our Company has sustainably advanced in terms of Technology, Economically, Infrastructure, Commercially and Morales of the management and employees. I hope everyone will agree that we have achieved a milestone together.

Firstly, we started with small scale production of Lead Acid Battery and then advance into acquiring new technology to produce VRLA Motorcycle and Maintenance Free Lead Acid Batteries. I would like to highlight the significant achievement of being the most profitable financial year of our company, even during the Covid-19 pandemic which negatively impacted the business around the globe. I would like to express my sincere thanks and appreciation to all the employees for their dedication and effort to make this as the best performing year. I' d also like to applause the continuous effort for practicing the highest standard of occupational health and safety as well as the environmental management system as the leader of the battery manufacturing industry in Myanmar. Continuous implementation of international standards such ISO, Responsible Care as well as complying regulations and requirements of National Government Departments and international regulation bodies and institutions is the ultimate must for our company to be recognized as the reputable and trusted company in the industry.

We will also share our good practices to our subsidiaries and affiliates companies.
We have also formed new ventures such as Proven Auto Co., Ltd., and Proven Distribution Co., Ltd. To focus on the industrial specific as well as to skill up the business operation for the coming years.

Finally, I'd like to seek your continuous support on transformation and building of Proven Group of Companies as a modern and reputable Myanmar company serving both domestic and international markets with international standards and practices. Once again, heartfelts thanks to shareholders, Board of Directors, Executive Management Team and employees for achieving a great success and building what Proven is today.

## လေးစားအပ်ပါသော အစုရှယ်ယာရှင်များ နှင့် ဒါရိုက်တာအဖွဲ့ဝင်များခင်ဗျာ

အားလုံးကို လှိုက်လှဲစွာ ကြိုဆိုနှုတ်ခွန်း ဆက်အပ်ပါသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ်သည် ဤကုမ္ပဏီ၏ ၂၅ နှစ် ပြည့် မြောက်ခဲ့သည့်နှစ် ဖြစ်ပါသည်။ ကုမ္ပဏီ၏ သက်တမ်း တစ်လျှောက်လုံးတွင် ကုမ္ပဏီသည် နည်းပညာအရလည်း ကောင်း၊ စီးပွားရေးအရလည်းကောင်း၊ အခြေခံအဆောက် အဦးအရလည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးအရလည်း ကောင်း၊ စီမံခန့်ခွဲသူနှင့် ဝန်ထမ်းများ၏ စိတ်ဓာတ်ပိုင်းအရ လည်းကောင်း၊ များစွာတိုးတက်မှု ရှိခဲ့ကြောင်းကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ပါ။ ကျွန်တော်တို့အားလုံးအတူတကွ ပန်းတိုင်တစ်ခုကို အောင်မြင်ခဲ့ပြီဆိုတာ အားလုံးသဘောတူ မည်ဟု မျှော်လင့်ပါသည်။

ပထမဦးစွာ တင်ပြလိုသည်မှာ ယခင်က ခဲအက်ဆစ်ဘက်ထရီ များသာ ထုတ်လုပ်နေခဲ့ရာမှ ယခုအခါ Maintenance Free ဘက်ထရီနှင့် မော်တော်ဆိုင်ကယ်ဘက်ထရီများကိုပါ တိုးချဲ့၍ ထုတ်လုပ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခုနှစ်အတွင်း ကုမ္ပဏီ၏ ထူးခြားစွာ ဆောင်ရွက်နိုင်မှုမှာ ကမ္ဘာ့စီးပွားရေး တဟုန်ထိုး ကျဆင်းစေပြီး ကမ္ဘာတဝှမ်း လူအမြောက်အများ သေကြေခဲ့ သော ကမ္ဘာ့ကပ်ရောဂါဆိုး ကိုဗစ်-၁၉ ကို ကြံ့ကြံ့ခိုင် အနိုင် ယူနိုင်ခြင်း ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ချီးကျူးဂုဏ်ပြု လိုသည်မှာ အဆိုပါကပ်ဆိုးကြီးကို မိမိတို့၏ ဖွဲ့သတ္တိ လုံ့လဝီရိယဖြင့် အတတ်နိုင်ဆုံး တွန်းလှန်နိုင်ရုံသာမက ကုမ္ပဏီ၏ သက်တမ်းတစ်လျှောက်တွင် အမြင့်ဆုံးသော အမြတ်ငွေကို ရယူပေးနိုင်သည့် အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့၊ စီမံခန့်ခွဲရေးပိုင်းနှင့် ဝန်ထမ်းအားလုံးကို ဂုဏ်ပြုလိုခြင်း ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဘက်ထရီ ထုတ်လုပ်မှုကဏ္ဍတွင် ထိပ်ဆုံးမှရပ်တည်နေသော လုပ်ငန်းစု တစ်ခုအနေဖြင့်ထပ်မံချီးကျူးလိုသည်မှာ ဘေးထွက်ဆိုးကျိုး များသော ဘက်ထရီလုပ်ငန်းတွင် လုပ်ငန်းခွင်နှင့် ပတ်ဝန်း ကျင်ကျန်းမာရေးကို ထိန်းသိမ်းပေးနိုင်ခြင်း ဖြစ်ပါ သည်။

အထက်ပါ ကိစ္စရပ်အတွက် အပြည်ပြည်ဆိုင်ရာ စံချိန် စံညွှန်းများဖြစ်သော ISO, Responsible Care နှင့် အစိုးရ ဌာနများနှင့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းဆိုင်ရာအဖွဲ့ အစည်းများနှင့် အဖွဲ့အစည်းများမှစည်းမျဉ်းစည်းကမ်းများ နှင့် လိုအပ်ချက်များအား စဉ်ဆက်မပြတ်အကောင်အထည် ဖော်ခြင်းသည် ကျွန်တော်များကုမ္ပဏီအား စက်မှုလုပ်ငန်း တွင် ဂုဏ်သိက္ခာရှိရှိနှင့် ယုံကြည်စိတ်ချရသော ကုမ္ပဏီတစ်ခု အဖြစ် အသိအမှတ်ပြုရန် ဖြစ်ပါသည်။

အဆိုပါ ကောင်းမွန်သောအလေ့အကျင့်များကို ကျွန်ုပ်တို့၏ ညီနောင် ကုမ္ပဏီများဖြစ်သည့် Yangon Metal Industry Co., Ltd, Proven Polyworld Co., Ltd., Proven International Co., Ltd. နှင့် အစုရှယ်ယာထည့်ဝင်ထား သော Myanmar Automobile Development Public Co., Ltd. တွင်ပါ ကျင့်သုံးလျှက်ရှိပါသည်။ ထို့ပြင် နောင်လာ မည့်နှစ်များတွင် စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ယခုထက် ပိုမို လုပ်ဆောင်နိုင်ရန်အတွက်သော်လည်း ကောင်း၊ စီးပွားရေးလည်ပတ်မှု တိုးမြှင့်နိုင်ရန်အတွက်သော် လည်းကောင်း Proven Distribution Co., Ltd. နှင့် Proven Auto Co., Ltd. ကုမ္ပဏီတို့ကိုလည်း ဖွဲ့စည်းပြီး ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် Proven Group Of Companies ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ခေတ်သစ် ကော်ပိုရေးရှင်းကြီးအဖြစ် အောင်မြင်စွာ ပုံဖော်နိုင်ရန် အတွက် စဉ်ဆက်မပြတ်ပံ့ပိုးကူညီပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။ ထပ်မံပြီး ကျွန်တော့်အနေဖြင့် အစုရှယ်ယာရှင် များ၊ ဒါရိုက်တာအဖွဲ့၊ စီမံခန့်ခွဲရေးပိုင်းနှင့် ဝန်ထမ်းအားလုံး ကို ဂုဏ်ပြုအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

ထွန်းမြင့်

ဥက္ကဌ

# "Managing Director's Message"



## Our esteemed shareholder,

First of all, I would like to wish for abundance of health and prosperity.

Proven Technology Industry Co., Ltd.,was founded in 1996 and now proudly celebrates 25th silver jubilee anniversary in the current fiscal year of 2019-2020. Our achievements are obtained as we have been continuously supported by our loyal customers, wholesellers and retailers, shareholders, executive directors, colleagues and all of our partners. And, we truly appreciate your kind support through these twenty-five years.

Shaping the company with strategic future goals by the Chairman, U Tun Myint; Board of Directors and Advisors, the company has been able to invest more in related industries through the battery manufacturing group. Moreover, Proven Group of Companies has been successfully established as a Holding Group of Companies.

As our mission states, Proven Group of Companies will be able to stand as a representative manufacturing group in Myanmar by investing in variuos subsidiaries companies and participating in the implementation of the long-term goals of each group.

In March 2020, the COVID-19 pandemic has devastated many industries around the world. Immediately, our group formed the Business Continuity Committee (BCC) in each company for the continuous implementation of healthcare, CSRs, business and company's goals. We always uphold the regulations of the Ministry of Health and relevant departments.

By following the basic fundamental principles, ISO: 45001 (Occupational Safety and Health Management System), we seek protection and cooperation of staffs and responsible stakeholders, the close supervision of the various executive directors, we were successfully allowed to operate at the first round of screening.

As a result, production and sales increased from the previous year, making it the most profitable year for the company since its inception. We also planned to increase the company's sales tax and profit tax. For the benefit of the shareholders, it reported that the distribution of dividends was higher than in previous years despite of the epidemic period of COVID-19.

We focus on modern corporate governance. Business Development Committee that consists of executive directors and advisors, the Nomination & Remuneration Committee and the Audit & Risk Management Committee have been formed. The Pwint Thit Sa 2020 Report which compiled and published transparent companies index of Myanmar, reported that index of the company went up to 18$^{th}$ from 33$^{rd}$ against the previous year.

In conclusion, we will strive strenuously to become a symbolic business of Myanmar through the step-by-step implementation of the company's goals and mission via embracing the responsibility and accountability of leaders and ability to stand as trusted companies of employees.

WISHING YOU GOOD HEALTH AND PROSPERITY.

## လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျာ

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Proven Technology Industry Co., Ltd. သည် ယခု ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၂၅) နှစ်မြောက် ငွေရတုနှစ်ပတ်လည် ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ (၂၅) နှစ်တိုင်တိုင် အစဉ်ဝယ်ယူ သုံးစွဲခဲ့သူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့်တကွ အစုရှယ်ယာရှင်များ အလုပ်အမှုဆောင်ဒါရိုက်တာများ၊ လုပ်ဖော်ကိုင်ဖက်ညီအစ်ကိုမောင်နှမများ အားလုံး၏ ပံ့ပိုးကူညီ ပါဝင် ဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ (၂၅) နှစ်တိုင်တိုင် အစဉ်တိုးတက်သော ရလဒ်ကောင်းများ ရရှိခြင်းဖြစ်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင် ကျေးဇူးတင်ရှိအပ်ပါသည်။

ကုမ္ပဏီ၏ အနာဂတ်ရည်မှန်းချက်များကို ချမှတ်ပြီးပုံဖော် ဆောင်ရွက်ရာတွင် အစဉ်အမြဲ လမ်းညွှန်မှုပေးသော ဥက္ကဋ္ဌ ဦးထွန်းမြင့်၊ အမှုဆောင်ဒါရိုက်တာများ၊ အကြံပေးပညာရှင်များ၏ ပံ့ပိုး ကူညီဆောင်ရွက်မှုကြောင့် ဘက်ထရီထုတ်လုပ်သော လုပ်ငန်းစုမှတစ်ဆင့် ဆက်စပ်သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ခြင်းအပြင် ကုမ္ပဏီအုပ်စုကြီး (Holding) သကဲ့သို့ Proven Group Of Companies ကို တည်ထောင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ Proven Group Of Companies သည် ညီနောင်ကုမ္ပဏီ (Subsidiaries Company) များတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် လုပ်ငန်းစုအသီးသီး၏ ရေရှည်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းပါဝင်ခြင်းတို့ဖြင့် မိမိတို့၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ ကိုယ်စားပြု ကုန်ထုတ်လုပ်မှု လုပ်ငန်းစုအဖြစ် ရပ်တည် သွားမည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်မတ်လမှ စတင်ခဲ့သည့် COVID–19 ကပ်ရောဂါဆိုးကြောင့် ကမ္ဘာတစ်ဝှမ်းရှိ လုပ်ငန်း အသီးသီးတွင် များစွာသော ထိခိုက်မှုများကိုရင်ဆိုင်ခဲ့ရပါသည်။ မိမိတို့၏ လုပ်ငန်းစုမှလည်း ကျန်းမာရေး၊ လူမှုရေး (CSR)၊ စီးပွားရေးနှင့် ကုမ္ပဏီ၏ရည်မှန်းချက်ပန်းတိုင်ကို စဉ်ဆက်မပြတ် အကောင်အထည် ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍လုပ်ငန်းအသီးသီးတွင် Business Continuity Committee (BCC) ကို ဖွဲ့စည်းခဲ့ပြီးကျန်းမာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဌာန အသီးသီးမှ သတ်မှတ်ချက်များကို အလေးထား ဆောင်ရွက်ခဲ့ပါသည်။

အခြေခံအုတ်မြစ်ဖြစ်သည့် ISO:45001 (လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲစနစ်) အား အစဉ်ဂရုစိုက် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပူးပေါင်းပါဝင်ကာကွယ်မှုရှိခြင်း၊ အလုပ်အမှုဆောင်ဒါရိုက်တာအသီးသီး၏ အနီးကပ်ကြီးကြပ် ဆောင်ရွက်မှုတို့ကြောင့် လုပ်ငန်းလည်ပတ်ခွင့် ပထမအသုတ်စီစစ်ခြင်းတွင် အောင်မြင်စွာ ဖွင့်လှစ်ခွင့် ရရှိခဲ့ပါသည်။

အဆိုပါဆောင်ရွက်မှုများကြောင့် ထုတ်လုပ်မှုနှင့် ရောင်းချမှုမှာ ယခင်နှစ်ထက်ပိုမိုတိုးတက်ခဲ့ပြီး ကုမ္ပဏီစတင်သည့်အချိန်မှစ၍ အကျိုးအမြတ်အများဆုံး ရရှိသောနှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ ထို့အတူ ကုမ္ပဏီ၏ ကုန်သွယ်ခွန်နှင့် အမြတ်ခွန်များကို ထပ်မံတိုးမြှင့်ပေးဆောင်ရန်လည်း လျာထားပြီးဖြစ်ပါသည်။ COVID–19 ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အစုရှယ်ယာရှင်များ၏အကျိုးကို ရှေးရှုပြီး အမြတ်ဝေစုခွဲဝေမှုကို ယခင်နှစ်များထက်ပိုမိုခွဲဝေပေးနိုင်ရန်အတွက် ဆောင်ရွက်ထားရှိပါကြောင်း တင်ပြအပ်ပါသည်။

ကျွန်တော်များအနေဖြင့် ခေတ်မှီကောင်းမွန်သော ကော်ပိုရိတ်စီမံခန့်ခွဲမှု (Corporate Governance) ကို အထူးဂရုပြုအလေးထား ဆောင်ရွက်လျှက်ရှိပါသည်။ အမှုဆောင်ဒါရိုက်တာများနှင့် အကြံပေးပညာရှင်များပါရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Business Development Committee)၊ အမည်စာရင်းတင်သွင်းရေးနှင့် အခကြေးငွေကော်မတီ (Nomination & Remuneration Committee) နှင့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များကို စီမံခန့်ခွဲမှုကော်မတီ (Audit & Risk Management Committee) များကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော ကုမ္ပဏီများအား ပြုစုထုတ်ပြန်ကြေညာသည့် ပွင့်သစ်စ၏ ၂၀၂၀ အစီအရင်ခံစာတွင် အဆင့် (၁၈) သို့ ယခင်နှစ် အဆင့် (၃၃) မှ တက်လှမ်းနိုင်ခဲ့ပါကြောင်း အစီအရင်ခံ တင်ပြအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် အစုရှယ်ယာရှင်များ၏အကျိုးနှင့် ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှုကို အစဉ်ဆောင်ရွက်နိုင်သော တာဝန်ယူ၊ တာဝန်ခံနိုင်သော အုပ်ချုပ်မှုခေါင်းဆောင်များကို အစဉ်မွေးထုတ်ရွေးချယ်ခန့်ထားခြင်း၊ ဝန်ထမ်းများ၏ ယုံကြည်အားထားရသောလုပ်ငန်းစုအဖြစ် ရပ်တည်နိုင်ခြင်း၊ ကုမ္ပဏီ၏ အနာဂတ် ရည်မှန်းချက်များကို အဆင့်အလိုက် ဆောင်ရွက်နိုင်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံကိုယ်စားပြုလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်သွားနိုင်ရန် အားသွန်ခွန်စိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါ သည်။
ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ခင်ဗျာ။



သန်းထိုက်လွင်

မန်နေဂျင်းဒါရိုက်တာ

# Corporate Profile

## ကုမ္ပဏီ၏သမိုင်းအကျဉ်းချုပ်



Proven Technology Industry Company Limited (PTIC) is Myanmar's leading lead acid battery for automotive, industrial-standby and specialized applications uses. Its TOYO and LION batteries are the brand leaders of Myanmar's automotive lead acid battery market.

In 1972, our founder, U Ohn Lwin, (1949-2016) opened a battery-charging and dynamo motor repair shop. Then, in 1978, he started the Lwin battery manufacturing business.

Established in 1996, by U Ohn Lwin one of the Myanmar entrepreneurs in those days, Proven is dedicated to maintaining international quality product standards and practices, including Occupational Health and Safety Management System ISO:45001 (OHSAS : 18001), Environmental Management system ISO:14001 and Quality Management system ISO:9001. We are part of the Responsible Care® initiative for enhancing environmental, health, safety and security performance in chemical related manufacturing. Proven is a member of Union of Myanmar Fedration of Chambers of Commerce and Industry (UMFCCI) and also a memberof Myanmar Industry Association (MIA).

Proven သည် မြန်မာနိုင်ငံ၏ မော်တော်ကား၊ လုပ်ငန်းသုံး နှင့် အထူးသုံးနေရာများအတွက် Lead Acid Battery များ ဦးဆောင်ထုတ်လုပ်ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဦးအုန်းလွင်သည် ၁၉၇၂ ခုနှစ်တွင်အသေးစား ဘက်ထရီအား သွင်းလုပ်ငန်းနှင့်ဒိုင်နမို ပြုပြင်ရေးလုပ်ငန်းဖြင့် စတင်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် လွင်ဘက်ထရီလုပ်ငန်းအဖြစ် စတင်တည် ထောင်ခဲ့ပါသည်။

၁၉၉၆ခုနှစ်တွင်ထိုခေတ်အချိန်အခါကမြန်မာ့စွန့်ဦးတီထွင်သူများ အနက်တစ်ဦးဖြစ်ခဲ့သူ ဦးအုန်းလွင်ကစတင်တည်ထောင်ခဲ့သည့် Provenသည်နိုင်ငံတကာအရည်သွေးမီထုတ်ကုန်အဆင့်အတန်း ဆောင်ရွက်ပုံများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲစနစ် ISO:45001 (OHSAS:18001) ပတ်ဝန်း ကျင်စီမံခန့်ခွဲရေး ISO:14001 နှင့် အရည်အသွေး စီမံခန့်ခွဲမှု ISO:9001 တို့ကို ထိန်းသိမ်းလိုက်နာလျက် ရှိပါသည်။ ပတ်ဝန်းကျင်ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေး အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာ ထုတ်လုပ်ရေး၏ လှုပ်ရှားမှုတစ်ခုဖြစ်သော Responsible Care ကိုလည်း လုပ်ဆောင်လျက် ရှိပါသည်။ Proven သည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (UMFCCI)၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) ၏ အသင်းဝင် တစ်ဦးလည်း ဖြစ်ပါသည်။

ISO 45001:2018 · ISO 14001:2015 · ISO 9001 · Responsible Care®

## Our Vision

To maintain our position of being Myanmar's leading lead acid battery manufacturer, supporting the development of the automotive assembly and manufacturing sector in Myanmar. We aim to become a recognised Myanmar product brand in the region.

## Our Mission

"Customer Satisfaction and continual quality growth by Solution of Success."

- To become the number one Automotive Battery brand in Myanmar.
- To increase the export volume and become a regional player.
- To become an energy solution product and related service provider.

## Our Commitment

We are committed to offering high quality products and services to our valued customers. We stand by our product quality by offering warranty and services battery care through sales and authorised service center

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ ခဲအက်ဆစ်ဘက်ထရီထုတ်လုပ်မှုတွင် ဦးဆောင်သူအဖြစ် ထိန်းသိမ်းထားရန်၊ မြန်မာနိုင်ငံရှိ မော်တော်ယာဉ်တပ်ဆင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးရန်နှင့် ဒေသတွင်း အသိအမှတ်ပြု မြန်မာကုန်အမှတ် တံဆိပ်အဖြစ် ဖြစ်လာစေရန်။

## ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

"အောင်မြင်မှုအတွက် အဖြေရှာခြင်းဖြင့် သုံးစွဲသူများ၏ စိတ်ကျေနပ်မှုနှင့် အရည်အသွေးစဉ်ဆက်မပြတ် တိုးတက်စေခြင်း"

- မြန်မာနိုင်ငံ၏ နံပါတ်တစ် မော်တော်ကားဘက်ထရီ အမှတ်တံဆိပ် ဖြစ်လာစေရန်။
- ပြည်ပတင်ပို့မှုများ မြှင့်တင်၍ ပြည်တွင်းဈေးကွက် ဦးဆောင်ရောင်းချသူ ဖြစ်လာစေရန်။
- စွမ်းအင်နှင့်ပတ်သက်သည့် ကုန်ပစ္စည်းနှင့်သက်ဆိုင်ရာ ဝန်ဆောင်မှုပေးသော ကုမ္ပဏီ ဖြစ်လာစေရန်။

## ကျွန်ုပ်တို့၏ ကတိကဝတ်

တန်ဖိုးထားရသောသုံးစွဲသူများအတွက် ကျွန်ုပ်တို့သည် အရည်အသွေးမြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပေးရန် အလေးထားပါသည်။ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းအရည်အသွေးကို ယုံကြည်သောကြောင့် ဝယ်ယူပြီး အာမခံအပြည့် ပေးခြင်းနှင့် အဓိကမြို့ကြီးများတွင်လည်း ဘက်ထရီဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

## Our Products



99.99% REFINED LEAD



PLASTIC INJECTION & BLOW MOLDING CONTRACT MANUFACTURING




CONVENTIONAL BATTERY




MAINTENANCE FREE BATTERY



MOTORCYCLE BATTERY



LUBRICANTS & AUTO CARE

# Corporate Value




| | | |
|---|---|---|
| P | Professionalism | To stand as accountable and responsible conglomerate with the quality of performance.<br>အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိသည့်လုပ်ငန်းစု တစ်ရပ်အဖြစ် ရပ်တည်ရန်။ |
| R | Reliability | To create a conglomerate that can be trusted by the public and stakeholders.<br>အများပြည်သူ ယုံကြည်စိတ်ချရမှုကို ခံယူနိုင်သည့် လုပ်ငန်းစုတစ်ရပ် ဖြစ်ပေါ်စေရန်။ |
| O | Open Minded | To consistently encourage innovation and welcome new ideas.<br>အကြံဉာဏ်သစ်များဖြင့် ဆန်းသစ်မှုများကို အစဉ်အမြဲ ဖော်ဆောင်ရန်။ |
| V | Value Creation | To achieve mutually beneficial results by collaboration with wholesalers, retailers and stakeholders through the conglomerate.<br>အရောင်းကိုယ်စားလှယ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများ၊ အစုရှယ်ယာရှင်များနှင့်ပူးပေါင်းပြီး လုပ်ငန်းစုကြီးမှ တစ်ဆင့်တစ်ဦးကိုတစ်ဦးအကျိုးပြုသည့် ရလဒ်ကောင်းများကိုဖော်ဆောင်ရန်။ |
| E | Embrace Change | To give strength by supporting positive changes in any case.<br>ကောင်းမွန်သောပြောင်းလဲမှုများကို အစဉ်အမြဲ ပံ့ပိုးပြီး ခွန်အားများပေးရန်။ |
| N | Novelty & Innovation | To continuously, identify and take action that benefits the community through innovation.<br>တီထွင်ကြံဆမှုမှတစ်ဆင့် လူမှုအသိုင်းအဝိုင်းကို အကျိုးပြုသော ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်။ |

# Highlights in 2019-2020

### 25th Year Anniversary

ကုမ္ပဏီ၏ ၂၅ နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။

### 18th - Transparency in Myanmar Enterprises(2020)

၂၀၂၀ ပြည့်နှစ်တွင် ပွင့်သစ်စမှ ကြေငြာသော မြန်မာနိုင်ငံရှိ ပွင့်လင်းမြင်သာမှု အရှိဆုံး ကုမ္ပဏီစာရင်းတွင် အဆင့် ၁၈ နေရာတွင် ဖော်ပြခံရခြင်း

### Top Taxpayersfor 2019 Assessment Year

157th - Commercial Tax

209th - Income Tax

၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်ပေးဆောင်မှုတွင် ကုန်သွယ်လုပ်ငန်းခွန် အဆင့် ၁၅၇ နှင့် ဝင်ငွေခွန် အဆင့် ၂၀၉ ရရှိခဲ့ပါသည်။

### Activity of Business Development Committee



စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဆောင်ရွက်ချက်

### Forming of Audit and Risk Management Committee



စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ခြင်း

### Forming of Nomination & Remuneration Committee



အမည်တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ခြင်း

### Corporate Governance Webinar



ကော်ပိုရိတ်စီမံခန့်ခွဲမှု နှင့်ပတ်သက်၍ ဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့ခြင်း

### Battery Donation forAmbulance (Covid-19)



Covid-19 လူနာတင်ယာဉ်များအတွက် ကျပ်သိန်း ၃၂၀ ကျော် တန်ဖိုးရှိ ဘက်ထရီ (၃၅၅)လုံးကို လှူဒါန်းခဲ့ခြင်း

### Blood Donation



ရန်ကုန်နှင့် မန္တလေးရှိ အမျိုးသား သွေးလှူဘဏ်တွင် ဝန်ထမ်းများ စုပေါင်း၍ သွေးလှူဒါန်းခဲ့ခြင်း

# Certificates & Awards ဆုတံဆိပ်နှင့်လက်မှတ်များ

Surveillance Audit is victoriously completed by External Certify Body for the ISO 9001: 2015 and ISO 14001: 2015 management systems at December 2020. In December, ISO 45001: 2018 could be applied from OHSAS 18001: 2007 as all the ISO external audits were successfully passed.

ISO 9001:2015 နှင့် ISO 14001:2015 Management system အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် External certify body မှ surveillance audit အား အောင်မြင်စွာပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် OHSAS 18001:2007 အား ISO 45001:2018 standard သို့ ပြောင်းလဲခဲ့ပြီး ISO external audit အား အောင်မြင်စွာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။



ISO 14001: 2015 EMS Certificate



OHSAS 18001: 2007 OHSAS Certificate



ISO 9001: 2015 QMS Certificate



ASEAN-OSHNET Best Practices Award 2016

Myanmar Industries Association
Chemical Industry Group
JETRO Yangon
Responsible Care®
" Proven Technology Industry Co., Ltd. "

Responsible Care

| Top Taxpayer | Type | Assessment Year 2019 | Assessment Year 2018-2019 |
|---|---|---|---|
| | Commercial Tax | 157 ↑ | 219 |
| | Income Tax | 209 ↑ | 351 |

## Transparency in Myanmar Enterprises

PWINT THIT SA
Transparency in Myanmar Enterprises

| Rank 2020 | Rank 2019 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 18 | 33 | PROVEN GROUP | PR | 78% | 56% | 7% | 59% | 41% |

| Rank 2019 | Rank 2018 | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 33 | - | PROVEN GROUP | PR | 17% | 4% | 0% | 4% | 7% |

www.myanmar-responsiblebusiness.org/pwint-thit-sa

# Management Team



## U THAN HTAIK LWIN @ ALAN

Managing Director / Group CEO

As CEO, U Than Htaik Lwin leads the strategic planning and sets the culture, mission and vision of the Proven Group of Companies. U Than Htaik Lwin has a Bachelor of Science Degree in Management, Marketing and Small Business Management from Bemidji State University, USA. In 2005, he was appointed as General Manager of PTIC. In 2010, he became Chief Operating Officer and in 2016, he became Managing Director of PTIC.

He is currently acting as Representative Director of YMI, PPW, PI, Proven Auto, Proven Distribution and MADP. Furthermore, he takes responsible as Group C.E.O.

During the decade, he continued to invest and increased the ownership in the subsidiary companies and also formed a foreign Joint Venture company in Myanmar. With his dedication and relentlessly pursuit of higher goals, he is elected as the Chairman in Yangon Region Young Entrepreneurs Association (YRYEA) as well as Chairman in Myanmar Automobile Development Public Co., Ltd. In 2019, Bemidji State University, U.S.A, recognized his career achievement and contribution to the society of Myanmar by presenting the Young Alumni Award during its 100th Year Founding Anniversary and Gala Dinner.He attended the Corporate Governance Programme jointly sponsored by International Finance Corporation and Myanmar Institute of Directors

ဦးသန်းထိုက်လွင်သည် CEO တစ်ဦးအနေဖြင့် Proven Group ၏ မဟာဗျူဟာစီမံချက်ရေးဆွဲခြင်း၊ ယဥ်ကျေးမှု၊ မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်ကို ဦးဆောင်ချမှတ် အကောင်အထည် ဖော်ဆောင်နိုင်ခဲ့သူဖြစ်ပါသည်။ ဦးသန်းထိုက်လွင်သည် အမေရိကန်နိုင်ငံ Bemidji State University မှ Bachelor of Science degree in management, marketing and small business management ဘွဲ့ကို ရရှိခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ၊ ၂၀၁၀ ပြည့်နှစ်တွင် လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ်နှင့် ၂၀၁၆ ခုနှစ်မှစ၍ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



## U MYO THIT AUNG

Director (Admin & Accounts)

U Myo Thit Aung holds Master of Commerce in Yangon Economic Institute and Diploma in ESHRM (RV- Singapore) and IFRS (UK). Prior to joining Proven, he has worked in various accounting and finance works at trading and service businesses and, as the Former Head of Administration and Finance in FXB (International NGO) as well. He joined Proven Technology Industry Co., Ltd. as Finance Manager in 2001. In 2008, he was appointed as Executive Director of Department of Administration and Account.

He attended the Corporate Governance Programme jointly sponsored by International Finance Corporation and Myanmar Institute of Directors.

၎င်း၏သက်တမ်းအတွင်း Proven Group ကို ဖွဲ့စည်းပြီး အုပ်စု၏ Group CEO အဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိပါ သည်။ YMI, PPW, PI, Proven Auto, Proven Distribution, MADP နှင့် Proven Group တို့တွင် ကိုယ်စားလှယ် ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ သက်တမ်း ၁၆ နှစ် အတွင်း လက်အောက်ခံကုမ္ပဏီ များတွင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရုံသာမက တိုးမြှင့်ရင်းနှီးနိုင်ခဲ့ ပါသည်။ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရပါသည်။ မြန်မာ့မော်တော်ယာဉ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင် မြှောက်ခြင်း ခံရပါသည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် Young Alumni Award ဆုကို Bemidji State University , Minnesota, United States of America မှ ယင်း၏ နှစ် (၁၀၀)ပြည့်နှစ်ပတ်လည် နှင့် Gala ညစာစားပွဲတွင် ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

IFC နှင့် Myanmar Institute of Director (MIOD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်ထားပါသည်။

ဦးမျိုးသစ်အောင်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မဟာဝါဏိဇ္ဇဘွဲ့ကိုလည်းကောင်း၊ RV-Singapore မှ Diploma in ESHRM ကို လည်းကောင်း၊ Diploma in Financial Reporting (UK) ကို လည်းကောင်း ရရှိခဲ့ပါသည်။ ကုမ္ပဏီသို့ ၂၀၀၁ ခုနှစ်တွင် ဘဏ္ဍာရေးမန်နေဂျာအဖြစ် စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး (၂၀၀၈) ခုနှစ်တွင် ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရပါသည်။ လက်ရှိတွင် Proven Group ၏ စီမံခန့်ခွဲရေးနှင့် ငွေစာရင်းတာဝန်ကို ပူးတွဲဆောင်ရွက်လျက်ရှိပါသည်။
IFC နှင့် Myanmar Institute of Director (MIOD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်ခဲ့ပါသည်။



## DAW MYA MYA THAN

Co-founder, Director

Daw Mya Mya Than graduated with Bachelor of Science in Mawlamyine University. She is Co-founded Proven Technology Industry Co. Ltd. in 1996 together with her late husband, Mr. Ohn Lwin. She held the Executive Director of Finance position of the Company until 2016. She is currently acting as part time Executive Director of Finance.

ဒေါ်မြမြသန်းသည် မော်လမြိုင် တက္ကသိုလ်မှ သိပ္ပံဘွဲ့ (ရူပဗေဒ) ကို ရရှိပြီး သူမ၏ခင်ပွန်းနှင့်အတူ PTIC ကုမ္ပဏီကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သူဖြစ်ပါသည်။ ဒါရိုက်တာ (ဘဏ္ဍာရေး) ရာထူးဖြင့် အချိန်ကြာမြင့်စွာ တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ သူမသည် အချိန်ပိုင်းအမှုဆောင်ဒါရိုက်တာ (ဘဏ္ဍာရေး) အဖြစ် တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။



## U AYE KO

Director (Production)

U Aye Ko has over twenty years' experience in the production, quality control, and technical development of lead acid batteries, during which time he has been witness to the transformation of the battery industry in Myanmar. He also takes representative for Engineering Supervision of YMI and PPW.

ဦးအေးကိုသည် ခဲအက်ဆစ်ဘက်ထရီထုပ်လုပ်ခြင်း၊ အရည်အသွေးစီမံထိန်းသိမ်းခြင်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုများတွင် နှစ်ပေါင်း (၂၀)ကျော် အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင် ဘက်ထရီထုတ်လုပ်မှုလုပ်ငန်းပြောင်းလဲမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါသည်။ သူသည် Proven ၏ ထုတ်လုပ်ရေးဒါရိုက်တာ တစ်ဦးဖြစ်ပြီး YMI နှင့် PPW ၏ ထုတ်လုပ်ရေး ဒါရိုက်တာအဖြစ်လည်း ပူးတွဲတာဝန်ယူလျက် ရှိပါသည်။



## U Kyaw Nyunt

Senior Advisor

U Kyaw Nyunt is a Senior Advisor and joined Proven in 2007. He was born in Yangon on 1941 and studied at Yangon Methodist High School. He graduated in 1968, get Diploma in Statistics and Registered Accountant in 1970. He studied the Advance Accounting and Finance at University of Stratchclyde in Glasgow, UK. He is CPA, ACPA and Asean Chartered Practising Accountant.

From 1958 to 1995, he served as Governance Auditor at the Office of the Auditor General and retired as Deputy Director. He has great experience in auditing Public Enterprises in Energy Sector, Mining Sector, Marine Transport Sector and Social Welfare Sectors. And also, he acted as Shan State Auditor Officer in 1988 to 1992.

ဦးကျော်ညွန့်သည် Proven ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ၂၀၀၇ ခုနှစ်မှစ၍ ခန့်ထားခြင်းခံခဲ့ရပါသည်။ ၁၉၄၁ ခုနှစ်တွင် မွေးဖွားပြီး ရန်ကုန် Methodist အထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ပြီး စာရင်းအင်းဒီပလိုမာကိုလည်း ရရှိခဲ့ပါသည်။ သူသည် Advance Accounting and Finance ဘာသာရပ်ကို အင်္ဂလန်နိုင်ငံ University of Strathclyde တွင် လေ့လာသင်ယူခဲ့ပါသည်။ သူသည် လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA)၊ အာဆီယံ အသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင် (ACPA) နှင့် Asean Chartered Practising Accountant တစ်ဦး လည်း ဖြစ်ပါသည်။

၁၉၅၈ မှ ၁၉၉၅ ခုနှစ်အထိ မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးတွင် အစိုးရစာရင်းစစ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစား ယူခဲ့ပါ သည်။ သူသည် စွမ်းအင်ကဏ္ဍ၊ သတ္တုတွင်းကဏ္ဍ၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လူမှုဖူလုံရေးကဏ္ဍများကို စာရင်းစစ်ဆေးခြင်းတွင် အတွေ့အကြုံ များစွာရှိပါသည်။ ထို့အပြင် ရှမ်းပြည်နယ် စာရင်းစစ်အရာရှိအဖြစ် ၁၉၈၈ မှ ၁၉၉၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။



## U AUNG NYUNT

Corporate Governance Advisor

U Aung Nyunt was appointed as an advisor for Corporate Governance in August 2020. He was born in 1944 and studied at Myoma National High School. He graduated with B.Com (Accounting) in

1964 and Registered Accountant (Full-fledge) (now CPA) in 1965 respectively.

From 1966 to 2007, nearly (41) years of services at Myanmar Timber Enterprise -Finance/Account Department, Planning Department and retired as a General Manager (Planning). As an attached duty in 1991, he served as a Director (Finance) for two years at National Industrial Holding Company Limited (NIHL) (Public Company). In 1995 to 1996, he was a part-time Director of Myanmar Forest Products Joint Venture Company Limited (Forest J.V), Myanmar Korea Timber International Company Limited (MKTI), Myanmar Seal Company Limited (M.S.L) and International Business Centre (I.B.C) Company Limited.

Starting from 2008 to 2013, he was an Independent Auditor for the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Myanmar Engineering Society (MES), NGO-Japan Seeds Asia Project, Trustee Board of Pyi Shwe San Taw Pagoda and International Business Centre Company Limited (I.B.C) under the name of Aung Nyunt and Associates (Auditors).

During his service at the Ministry, he has joined and attended various Financial Management Seminars in 9 different countries. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors. He is also an independent director of Myanmar Thilawa SEZ Holdings Public Limited.

ဦးအောင်ညွန့်သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အကြံပေးအရာရှိအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၄ ခုနှစ်တွင် မွေးဖွားပြီး မြို့မအထက် တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ် တွင် B. Com (Accounting)၊ ၁၉၆၅ ခုနှစ်တွင် Registerd Accountant (Full-fledge) (ယခု CPA) ဘွဲ့ကို ရရှိခဲ့ပါ သည်။


၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁)နှစ်ခန့် မြန်မာ့သစ်လုပ်ငန်း၏ ဘဏ္ဍာရေး/ ငွေစာရင်းဌာနနှင့် စီမံကိန်းဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အထွေထွေမန်နေဂျာ(စီမံကိန်း) ရာထူးဖြင့် အငြိမ်းစား ယူခဲ့ပါသည်။ တွဲဖက်တာဝန်အဖြစ် ၁၉၉၁ ခုနှစ်တွင် နေရှင်နယ်အင်ဒတ်စရီရယ်ဟိုလ်ဒင်းကုမ္ပဏီလီမိတက် (NIHL)(အများပိုင်ကုမ္ပဏီ) တွင် ၂နှစ်ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး) တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင်ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ် မြန်မာ-ကိုးရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကုမ္ပဏီ (MKTI)၊ မြန်မာဆီးလ် ကုမ္ပဏီလီမိတက် (M.S.L) နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန ကုမ္ပဏီလီမိတက် ( I.B.C) တွင် မြန်မာ့သစ်လုပ်ငန်း၏ အချိန်ပိုင်းဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၂၀၀၈ မှ ၂၀၁၃ ခုနှစ်အထိ အောင်ညွန့်နှင့်အဖွဲ့ စာရင်းစစ်အမည်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်/ စက်မှုအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ရွှေဆံတော်ဂေါပက ဘဏ္ဍာတော်ထိန်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန လီမိတက် (I.B.C) တို့ကို (၆) နှစ်ခန့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာရင်းစစ်အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပါသည်။

အစိုးရတာဝန်ဖြင့် နိုင်ငံ (၉) နိုင်ငံတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပညာဆွေးနွေးပွဲများ တက်ရောက်ခဲ့ပါသည်။ သူသည် ၂၀၁၈ ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIOD) တို့ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။

# Manufactured Capital


## Revenue Resource




Domestic Sale (jynfwif;a&mif;csr)    Export Sale - Lead (EkdifiHjcm;wifyd&mif;csr)

# 2.

## Revenue Structure






# Corporate Governance


Corporate Governance Report

Corporate Structure

Governance Structure

Board Matters

Business Development Committee

Audit & Risk Management Committee

Risk Management

Nomination & Remuneration Committee

Business Continuity Committee

Annual General Meeting

Future Plan

# 3.




# Corporate Governance Report

## ကော်ပိုရိတ်စီမံခန့်ခွဲမှု အစီရင်ခံစာ

We believe that Corporate Governance is the best and most fundamental governance principle for Proven. As we believe, the company has adopted the corporate governance in its management since 2017. Manual writing, the responsibilities and tasks of the shareholders, directors and staffs and some of business policies and procedures have been developed. Proven was recognized as the 18th in the "Transparency in Myanmar Enterprises" in the 6th Edition of Pwint Thit Sa (2020).

ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်သည် Proven အတွက် အကောင်းဆုံးနှင့် အသင့်မြတ်ဆုံးသော အုပ်ချုပ်မှုအခြေခံအုတ်မြစ် စည်းမျဉ်းဖြစ်ကြောင်း ယုံကြည်လက်ခံခဲ့ပါသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း ၂၀၁၇ ခုနှစ်မှစတင်၍ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးတွင် ကော်ပိုရိတ်စီမံခန့်ခွဲရေးစနစ်ကို သုံးစွဲခဲ့ပါသည်။ လက်စွဲကျမ်းပြုစုခြင်း၊ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနှင့် ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် ရပိုင်ခွင့်များကို ဖော်ထုတ်ခြင်းနှင့် လုပ်ငန်းပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းအချို့ကို ပြုစုခဲ့ပါသည်။ အဆိုပါဆောင်ရွက်မှုကို ဆန်းစစ်ရန်အတွက် ပွင့်သစ်စ (မြန်မာနိုင်ငံရှိစီးပွားရေး လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု)သို့ တင်ပြစစ်ဆေးခံခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ကုမ္ပဏီ ၁၆၂ ခုအနက် အဆင့် (၁၈)ကို ဂုဏ်ယူစွာဖြင့် ထပ်မံတိုးမြှင့် အသိအမှတ်ပြုခြင်း ရရှိခဲ့ပါ သည်။


# Corporate Structure




# Ownership Structure

| Sr. | Shareholders owning 5% or more of the share | Role | Type |
|---|---|---|---|
| 1 | U Tun Myint | Chairman | Non-Executive |
| 2 | U Than Htaik Lwin | Managing Director | Executive |
| 3 | Daw Mya Mya Than | Director | Executive |
| 4 | U Aung Aung | Director | Non-Executive |
| 5 | U Myint Zaw | Director | Non-Executive |
| 6 | U Zaw Myo Myint | Director | Non-Executive |

| Sr. | Ownership Status | Number |
|---|---|---|
| 1 | 5 % or more | 6 |
| 2 | Under 5% | 19 |
| | Total | 25 |




# Governance Structure



# Board Matters

## The Functions of the Board

In the Proven's corporate governance system, the Board of Directors is the most responsible and the guided body. The Board of Directors is responsible for sustainability management and monitoring it. Thus, we believe that Proven needs qualified and responsible directors. Only then, with the advance corporate governance, transparency and information are available in complete and timely manner

## ဒါရိုက်တာအဖွဲ့နှင့်ပတ်သက်သောကိစ္စရပ်များ

### ဒါရိုက်တာအဖွဲ့၏လုပ်ငန်းများ

Proven ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်တွင် ဒါရိုက်တာအဖွဲ့သည် တာဝန်အရှိဆုံးနှင့် ပဲ့ကိုင်ထိန်းကြောင်းသော အဖွဲ့ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံခန့်ခွဲမှုအပိုင်းကို ဦးဆောင်သည်သာမက အမြဲစောင့်ကြည့်မှုကို ဆောင်ရွက်ရပါသည်။ ထို့ကြောင့် Proven သည် အရည်အချင်းပြည့်ဝ၍ တာဝန်ယူဆောင်ရွက်နိုင်သော ဒါရိုက်တာများ လိုအပ်သည်ဟု ယုံကြည်ပါသည်။ သို့မှသာ အဆင့်မြင့်သော ကော်ပိုရိတ်စီမံခန့်ခွဲရေးစနစ်နှင့်အတူ ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ ပြည့်စုံစွာနှင့် အချိန်မှန် ရရှိနိုင်ပါမည်။

# Responsibilities of Board of Directors

## ဒါရိုက်တာအဖွဲ့၏ တာဝန်ဝတ္တရားများ

The Board of Directors is responsible for leading and steering the company, and overseeing the company's business and management. The Board is also responsible for long-term sustainability of the Company. The Management is responsible for the Board and day-to-day operations and reporting on administration matters. The Board has overseen the Management that they act in accordance with company's policies and matters with the company's policies and strategies. In order to carry out these responsibilities, the Board has established the management frameworks and assigned them to act on behalf of the Board.

The Board reviews and approves all decisions that may be detrimental to company financial and income. In particular, the Board reviews and approves the dividend and reward, publication of financial statements, major projects, substantial fixed assets purchase and disposal and election of Directors.

In addition, the Board of Directors oversees and advises on financial decisions, strategies,projects and battery market conditions. And then, the Board considers the special attention to the environment and community health of the production

ဒါရိုက်တာအဖွဲ့သည် Proven ကုမ္ပဏီအား ဦးဆောင်ခြင်း၊ ထိန်းကွပ်ပေးခြင်းနှင့် ကုမ္ပဏီစီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီစီမံခန့်ခွဲမှု ကိစ္စရပ်များကို အစဉ်ကြီးကြပ်ခြင်းအားဖြင့် စုပေါင်း တာဝန်ယူရပါသည်။ ထို့ပြင် ကုမ္ပဏီ၏ရေရှည်တည်တံ့ခိုင်မြဲမှုကို တာဝန်ယူရပါသည်။ တဖန် စီမံခန့်ခွဲမှုအပိုင်းသည် ဒါရိုက်တာအဖွဲ့အား တာဝန်ခံ၍ ကုမ္ပဏီ၏နေ့စဉ်လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ပေးခြင်း၊ ကုမ္ပဏီ၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို အစီရင်ခံခြင်း စသောလုပ်ငန်းများကို ဒါရိုက်တာအဖွဲ့က ချမှတ်ထားသော ပေါ်လစီများ၊ မဟာဗျူဟာများနှင့်အညီ တာဝန်ယူဆောင်ရွက်ကြပါသည်။ ထိုလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့သည် စီမံခန့်ခွဲရေးမူဘောင်များကို ချမှတ်ပေးပြီး အဖွဲ့ကိုယ်စား ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပြီး ဖြစ်ပါ သည်။

ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအား ဘဏ္ဍာရေးအရလည်းကောင်း၊ ဝင်ငွေအရလည်းကောင်း ထိခိုက်နစ်နာစေနိုင်သည့် ဆုံးဖြတ်ချက်အားလုံးကို သေချာစွာ လေ့လာသုံးသပ်၍ ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးပါသည်။ အထူးသဖြင့် အမြတ်ပြန်အမ်းငွေနှင့် ဆုကြေးကြေငြာချက်၊ ဘဏ္ဍာရေးစာရင်းများ ထုတ်ပြန်မှု၊ အဓိကကျသော စီမံကိန်းများ၊ တန်ဖိုးကြီးများသော ပစ္စည်းများ ဝယ်ယူခြင်း/ရောင်းချခြင်းနှင့် ဒါရိုက်တာများရွေးချယ်မှုကို စိစစ်ထောက်ခံ အတည်ပြုပေးရပါသည်။

ထို့ပြင် ဒါရိုက်တာအဖွဲ့သည် ဘဏ္ဍာရေးဆုံးဖြတ်ချက်များ၊ အဟာဗျူဟာများ၊ စီမံကိန်းများနှင့် ဘက်ထရီဈေးကွက်အခြေအနေများအပေါ် လိုအပ်သော အကြံဉာဏ်များ ပေးပါသည်။ ဆက်လက်၍ ထုတ်လုပ်ရေးလုပ်ငန်း၏ ပတ်ဝန်းကျင်နှင့် လူ့အသိုင်းအဝိုင်း ကျန်းမာရေးအပေါ် အထူးဂရုစိုက်၍ လေ့လာအကြံပြုပါသည်။

# Board of Directors Policy ဒါရိုက်တာအဖွဲ့ပေါ်လစီ

Proven is a holding and investment company. The Managing Director / Chief Executive Officer is responsible for the management of the respective subsidiaries. The company also has designated the Boards for some of its respective subsidiaries. These subsidiaries are supported by the framework, policy, procedures and standards of the corporate governance of the holding company.

Proven သည် ဦးပိုင်ကုမ္ပဏီဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံ မှု ကုမ္ပဏီလည်းဖြစ်ပါသည်။ သက်ဆိုင်ရာလက်အောက်ခံ ကုမ္ပဏီများကို စီမံခန့်ခွဲရန်အတွက် တာဝန်ပေးခန့်ထားသော မန်နေဂျင်းဒါရိုက်တာ/ အုပ်ချုပ်ရေးအရာရှိချုပ်များ အသီးသီးက တာဝန်ရှိပါသည်။ Proven ၏ လက်အောက်ခံ ကုမ္ပဏီများသို့ ဦးပိုင်ကုမ္ပဏီ၏ ကိုယ်စားလှယ်ဒါရိုက်တာ အဖွဲ့အသီးသီးကို စေလွှတ်ပါသည်။ အဆိုပါ လက်အောက်ခံ ကုမ္ပဏီများကို ဦးပိုင်ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံခန့်ခွဲရေး စနစ်၏ လုပ်ငန်းဘောင်၊ ပေါ်လစီ၊ လုပ်ထုံးလုပ်နည်းနှင့် စံနှုန်းများဖြင့် အထောက်အကူပေး ဆောင်ရွက်စေခဲ့ပါသည်။

# Delegation by the Board

## ဒါရိုက်တာအဖွဲ့၏ကိုယ်စားလှယ်လွှဲအပ်မှု

As the majority of the Non-Executive Directors on the Board of Directors, there is a strong sense of independence within the Board. Non-Executive Directors encourage the free thinking and decision making, as it involves a diverse Board such as education, gender, age and business experience. As a result of these arrangements, it is clear that the Board of Directors' decisions are not for the benefits of the individual and it is only the good of the company. The Audit and Risk Management Committee (ARMC), Nomination and Remuneration Committee (NRC) comprised Non Executive Directors only. The Business Development Committee (BDC) was formed with Executive Directors and Non-Executive Directors.

ဒါရိုက်တာအဖွဲ့တွင် အမှုဆောင်မဟုတ်သောဒါရိုက်တာများမှာ အများစုဖြစ်သည့်နှင့်အညီ ဒါရိုက်တာအဖွဲ့အတွင်း လွတ်လပ်မှု အခြေခိုင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အလုပ်မှုဆောင်မဟုတ်သော ဒါရိုက်တာများတွင် ပညာအရည်အချင်း၊ လူတန်းစား၊ ကျား/မ မခွဲခြားမှု၊ အသက်အရွယ်၊ လူမျိုးစုံနှင့် စီးပွားရေးလုပ်ငန်းအတွေ့အကြုံပေါင်းစုံ ပါဝင်ရောယှက်မှု ရှိသဖြင့် အတွေးခေါ်ပေါင်းစုံနှင့် လွတ်လပ်စွာတွေးခေါ်ဆုံးဖြတ်မှုကို အားပေးကြပါသည်။ အဆိုပါ အစီအမံများကြောင့် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ် ချက်များသည် ကုမ္ပဏီ၏ကောင်းကျိုးအတွက်သာ ရည်ရွယ်ပြီး တစ်ဦးတစ်ယောက်ကောင်း ဆုံးဖြတ်ချက် မရှိကြောင်း ပေါ်လွင်ပါသည်။ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီ (ARMC) နှင့် အမည်တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေးကော်မတီ (NRC) များကို အမှုဆောင်မဟုတ်သောဒါရိုက်တာများဖြင့် ဖွဲ့စည်းထားပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုကော်မတီ ကို အမှုဆောင်ဒါရိုက်တာနှင့် အမှုဆောင်မဟုတ်သောဒါရိုက်တာများဖြင့်ဖွဲ့စည်းထားပါသည်။

# Board and Board Committees Meetings


| 4 Times | 6 Times | 1 Time | 1 Time | 1 Time |
|---|---|---|---|---|
| Board Meeting | Business Development Committee Meeting | Audit & Risk Management Committee Meeting | Nomination & Remuneration Committee Meeting | Annual General Meeting |

Board of Directors Meeting shall be held at least four times a year due to Board policy. The documents on the topic to be discussed at the board's meeting were sent before the meeting. In addition, monthly financial statements are submitted monthly to the Board of Directors with the recommendations of the Executive Directors. The BOD considers and makes recommendations to the Annual General Meeting concerning the points to be submitted and approved at AGM. Throughout the Board and Board Committees meetings, quality products process improvement, ways and means to achieve sales target, sustainability programme, environmental safety matters, review of financial status and profit attributable to the shareholders are discussed. The resolutions are adopted based on directors' input. Between 1st October 2019 to 30th September 2020, the number of the Board and Board Committee meetings held and the attendance of each director, are as follows;

| Name | Board Meeting | Business Development Committee Meeting | Audit & Risk Management Committee Meeting | Nomination & Remuneration Committee Meeting | Annual General Meeting |
|---|---|---|---|---|---|
| **Total number of Meeting held** | 4 | 6 | 1 | 1 | 1 |
| **Executive Directors** | | | | | |
| U Than Htaik Lwin | 4 | 6 | N.A | N.A | 1 |
| Daw Mya Mya Than | 4 | N.A | N.A | N.A | 1 |
| U Myo Thit Aung | 4 | 2 | N.A | N.A | 1 |
| U Aye Ko | 4 | N.A | N.A | N.A | 1 |
| **Non-Executive Directors** | | | | | |
| U Tun Myint | 4 | N.A | N.A | N.A | 1 |
| U Aung Aung | 4 | 6 | N.A | N.A | 1 |
| U Myint Zaw | 4 | 6 | N.A | N.A | 1 |
| U Zaw Myo Myint | 4 | 6 | N.A | N.A | 1 |
| U Tint Myo Naing | 4 | N.A | N.A | N.A | 1 |
| U Kyain Myint (U Htay Yu) | 4 | N.A | 1 | N.A | 1 |
| U Myint Naing | 4 | N.A | N.A | 1 | 1 |
| Daw May Yi | 4 | N.A | N.A | N.A | 1 |
| U Kyi Gwan | 4 | N.A | N.A | 1 | 1 |
| U Sai Hla Win | 4 | N.A | 1 | N.A | 1 |
| U Nyan Thit Hlaing | 4 | 6 | N.A | N.A | 1 |
| U Myo Min Tun | 4 | N.A | N.A | N.A | 1 |
| U Myo Lwin | 4 | N.A | N.A | 1 | 1 |
| **Advisors** | | | | | |
| U Kyaw Nyunt | 4 | N.A | 1 | 1 | 1 |
| U Aung Nyunt | 2 | 2 | 1 | N.A | N.A |

Note : The Board and Board Committees meetings were attended by executive directors in 100%

## ဒါရိုက်တာအဖွဲ့နှင့် ကော်မတီအစည်းအဝေး ကျင်းပမှုအခြေအနေ




ဒါရိုက်တာအဖွဲ့၏ ပေါ်လစီနှင့် လုပ်ထုတ်လုပ်နည်းအရ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို အနည်းဆုံး (၄)ကြိမ် ကျင်းပရန် ပြဋ္ဌာန်းထားပါသည်။ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာနှင့်ပတ်သက်သော စာရွက်စာတမ်းကို အစည်းအဝေးမတိုင်မီ ကြိုတင်ပေးပို့ထားပါသည်။ ထို့ပြင် လစဉ် ဘဏ္ဍာရေးရှင်းတမ်းများကို အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အကြံပြုတင်ပြချက်များနှင့်အတူ ပေးပို့ထားပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပရန်အတွက် တင်ပြရမည့်အချက်များ၊ အတည်ပြုရမည့်အချက်များ စသည်တို့ကို ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်၍ နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးသို့ ထောက်ခံတင်ပြပါသည်။

ဒါရိုက်တာအဖွဲ့နှင့် ကော်မတီအစည်းအဝေးများတွင် အရည်အသွေးမြင့် ထုတ်ကုန်လုပ်ငန်းစဉ်တိုးတက်မှု၊ အရောင်းရည်မှန်းချက်များအား ပြည့်မီအောင်မြင်စေရန် ဆောင်ရွက်ရန်နည်းလမ်းများ၊ ရေရှည်တည်တံ့ခိုင်မြဲရေး အစီအစဉ်၊ သဘာဝပတ်ဝန်းကျင်၊ ဘေးကင်းလုံခြုံရေး ဆိုင်ရာကိစ္စရပ်များနှင့် ဘဏ္ဍာရေးအခြေအနေများအား သုံးသပ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များကို စီမံခန့်ခွဲခြင်း ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။ ဒါရိုက်တာများ၏ တင်ပြမှုအပေါ်အခြေခံ၍ ဆုံးဖြတ်ချက်များ ချမှတ်ကြပါသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ဒါရိုက်တာအဖွဲ့မှ အစည်းအဝေး (၄)ကြိမ်၊စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီမှအစည်း အဝေး (၆)ကြိမ်၊ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ် များ စီမံခန့်ခွဲမှုကော်မတီမှ အစည်းအဝေး(၁)ကြိမ်နှင့် အမည် တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေးကော်မတီမှအစည်းအဝေး(၁)ကြိမ် တို့ကို ကျင်းပခဲ့ကြပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဒါရိုက်တာအဖွဲ့အစည်းအဝေးကို Video Conferencing (Zoom) စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

## Board Orientation

New directors elected by the Annual General Meeting, is provided the training and discussion on company's objectives, strategies, board structure, business structure and policies and procedures of various committees.

### ဒါရိုက်တာအဖွဲ့ဝင်များအတွက် လုပ်ငန်းဝင်သင်တန်း

နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ ရွေးချယ်ပေးသော ဒါရိုက်တာအသစ်များကို ကုမ္ပဏီ၏ ရည်မှန်းချက်များ၊ မဟာဗျူဟာများ၊ ဒါရိုက်တာအဖွဲ့နှင့် လုပ်ငန်းဖွဲ့စည်းပုံ၊ ကော်မတီအရပ်ရပ်၏ ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများ စသည်တို့ကို လေ့လာခြင်းနှင့် ဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။

## Board Composition and Guidance


The Board comprises 17 Directors, with 4 Executive Directors and 13 Non-Executive Directors. The Boards comprised the two committees in 2020 such as Audit and Risk Management Committee (ARMC) and Nomination and Remuneration Committee (NRC).


### ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အရွယ်အစား

ဒါရိုက်တာအဖွဲ့ကို ဒါရိုက်တာအဖွဲ့ဝင် (၁၇)ဦးနှင့် ဖွဲ့စည်းထားပြီး အလုပ်မှုဆောင်ဒါရိုက်တာ (၄)ဦးနှင့် အလုပ်မှုဆောင်မဟုတ်သောဒါရိုက်တာ (၁၃)ဦးတို့ ပါဝင်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဒါရိုက်တာအဖွဲ့သည် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များစီမံခန့်ခွဲမှုကော်မတီ (ARMC) နှင့် အမည်တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီ (NRC) စသည့် ကော်မတီ (၂)ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

# Composition of the Board Committee

| Name | Date of First Appoint-ment | Last Re election | Type | Board | BDC | ARMC | NRC | Share-holding % |
|---|---|---|---|---|---|---|---|---|
| U Tun Myint | 1996 | 2019 | Non-Executive | Chairman | - | - | - | ≥ 5% |
| U Kyain Myint (U Htay Yu - proxy) | 1996 | 2019 | Non-Executive | Member | - | Member | - | < 5% |
| U Kyi Gwan | 1996 | 2019 | Non-Executive | Member | - | - | Member | < 5% |
| U Myo Lwin | 1996 | 2019 | Non-Executive | Member | - | - | Chairman | < 5% |
| U Aung Aung | 1996 | 2019 | Non-Executive | Member | Member | - | - | ≥ 5% |
| U Myint Naing | 2002 | 2019 | Non-Executive | Member | - | - | Member | < 5% |
| U Myint Zaw | 2008 | 2019 | Non-Executive | Member | Member | - | - | ≥ 5% |
| Daw May Yi | 2008 | 2019 | Non-Executive | Member | - | - | - | < 5% |
| U Nyan Thit Hlaing | 2008 | 2019 | Non-Executive | Member | Member | - | - | < 5% |
| U Zaw Myo Myint | 2011 | 2019 | Non-Executive | Member | Member | - | - | ≥ 5% |
| U Tint Myo Naing | 2017 | 2019 | Non-Executive | Member | - | - | - | < 5% |
| U Sai Hla Win | 2017 | 2019 | Non-Executive | Member | - | Chairman | - | < 5% |
| U Myo Min Tun | 2019 | 2019 | Non-Executive | Member | - | - | - | < 5% |
| Daw Mya MyaThan | 1996 | 2019 | Executive | Member | - | - | - | ≥ 5% |
| U Than Htaik Lwin | 2008 | 2019 | Executive | Member | Member | - | - | ≥ 5% |
| U Aye Ko | 2005 | 2019 | Executive | Member | - | - | - | < 5% |
| U Myo Thit Aung | 2007 | 2019 | Executive | Member | Member | - | - | < 5% |
| U Kyaw Nyunt | 2007 | 2019 | Advisor | - | - | Member | Member | - |
| U Aung Nyunt | 2020 | - | Advisor | - | Member | Member | - | - |



# ဒါရိုက်တာအဖွဲ့ကော်မတီများ၏ ဖွဲ့စည်းပုံ


ဒါရိုက်တာအဖွဲ့ (BOD)ကို အလုပ်မှုဆောင်ဒါရိုက်တာ (၄)ဦး နှင့်အလုပ်မှုဆောင်မဟုတ်သောဒါရိုက်တာ (၁၃)ဦး၊ စုစုပေါင်း (၁၇)ဦး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီ (BDC) ကိုအလုပ်မှုဆောင်ဒါရိုက်တာ(၂)ဦးနှင့်အလုပ်မှုဆောင်မဟုတ်သောဒါရိုက်တာ (၄)ဦး၊ အကြံပေးပုဂ္ဂိုလ် (၁)ဦး၊ စုစုပေါင်း(၇)ဦး၊ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီ (ARMC)ကို အလုပ်မှုဆောင်မဟုတ်သောဒါရိုက်တာ (၂)ဦးနှင့် အကြံပေးပုဂ္ဂိုလ် (၂)ဦး၊ စုစုပေါင်း(၄)ဦးနှင့် အမည်တင်သွင်းရေးနှင့်အခကြေးငွေ သတ်မှတ်ရေးကော်မတီ (NRC)ကို အလုပ်မှုဆောင်မဟုတ်သောဒါရိုက်တာ (၃)ဦးနှင့် အကြံပေးပုဂ္ဂိုလ် (၁)ဦး၊ စုစုပေါင်း (၄)ဦး တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ဒါရိုက်တာအဖွဲ့ဝင် (၁၇)ဦးတွင် အမျိုးသမီးအဖွဲ့ဝင် (၂)ဦး ပါဝင်ပါသည်။

# Business Development Committee

## စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီ

The principal responsibility of the Business Development Committee is to sustain the manufacturing businesses. Thus, the committee has to manage the expansion of productivity, change of technology and process, to control substantial fixed assets purchase and disposal and outside investments. The Policy and Procedure for the Business Development Committee is well digested by Committee members and the Board of Directors.

The committee is organized with 2 Executive Directors, 4 Non-executive Directors and 1 Advisor. In 2019-2020 fiscal year, 6 numbers of meetings had been held and all members attended the meeting





စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီ၏ အဓိကတာဝန်များမှာ ကုမ္ပဏီကုန်ထုတ်လုပ်ငန်းများ တည်တံ့ခိုင်မြဲရေးနှင့် တိုးတက်ရေးအတွက် ကုမ္ပဏီ၏ လုပ်ငန်းနှင့် ထုတ်လုပ်ကုန် တိုးချဲ့မှု၊ နည်းပညာနှင့်နည်းစနစ်များ ပြောင်းလဲမှု၊ ကြီးမားသော ပုံသေပိုင်ပစ္စည်းများ ဝယ်ယူမှုနှင့် ရောင်းချမှုအပြင် ပြင်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မဆောင်ရွက်မီ စိစစ်ရန် ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီ၏ မူဝါနှင့် လုပ်ထုံးလုပ်နည်းများကို ကော်မတီဝင်များနှင့် ဒါရိုက်တာအဖွဲ့မှ ကောင်းစွာ လေ့လာသိရှိပြီး ဖြစ်ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီတွင် အမှုဆောင်ဒါရိုက်တာ (၂)ဦး၊ အမှုဆောင်မဟုတ်သောဒါရိုက်တာ (၄)ဦး နှင့် အကြံပေး (၁)ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အစည်းအဝေး (၆)ကြိမ် ကျင်းပခဲ့ရာ ကော်မတီဝင်များအားလုံးတက်ရောက်၍ ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

# Audit and Risk Management Committee

## စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ




The ARMC plays a key role in assisting the board in areas such as independent advice, assurance and assistance to the Board on the Company's risk, compliance with the law and directives of the Board of Directors, control, governance framework and its external accountability responsibilities including in relation to financial statements.

The ARMC reviews the financial statements beforesubmitting to the Board for approval. The ARMC identifies the fraud and it is necessary to identify and investigate as soon as possible. The AMRC works and collaborates with management and other committee to prevent the potential risks and make the awareness and relief arrangements.


The Policy and duties/responsibilities of the Audit & Risk Management Committee is set up for clear guidance in implementation.

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ (ARMC) သည် ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်၊ ဥပဒေနှင့် ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်များ လိုက်နာမှု၊ ထိန်းချုပ်မှု၊ အုပ်ချုပ်မှု မူဘောင်တို့နှင့်ပတ်သက်သော ကိစ္စရပ်များတွင် လွတ်လပ်စွာ အကြံပေးသည့်အပြင် ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ အပအဝင် အခြားလိုအပ်သည့် တာဝန်ဝတ္တရားများကိုပါ လုပ်ဆောင်ရပါသည်။

ARMC သည် ဘဏ္ဍာရေးရှင်းတမ်းများကို ဘုတ်အဖွဲ့သို့ မတင်ပြမီ ပြန်လည်စစ်ဆေးရပါသည်။ အလွဲသုံးစားမှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပေါ်ပါက အမြန်ဆုံးဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်ရ ပါသည်။ ARMC သည် အခြားကော်မတီများ၊ စီမံအုပ်ချုပ်သူများနှင့် ပူပေါင်း၍ ကုမ္ပဏီတွင် ဖြစ်ပေါ်လာနိုင်မည့် အန္တရာယ်များကို ကြိုတင်ကာကွယ်ရေး၊ အသိပေးရေးနှင့် သက်သာရာရစေမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရပါသည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ၏ မူဝါဒနှင့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရာတွင် ရှင်းလင်းသော လမ်းညွှန်ချက်များ ချမှတ်ထားပါသည်။

# Nomination and Remuneration Committee အမည်စာရင်းတင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ




The NRC is appointed by the Board of Directors from amongst the members of the Board. The committee makes recommendations and determination to the Board on all matters relating to the appointment of the Directors with the objective of creating a diverse Board comprised of individuals with experience in finance, business and education. The committee also considers and makes recommendation to the Board concerning the company's remuneration policy for Executive Directors, Directors and Senior Management, procedures and staff payroll policy.

The term of the members of the Board of Directors is three years, and at the annual general meeting, the oldest one-third of all members resigns and new directors are appointed to their positions.

For the new directors, the committee shall consider and nominate the nominated shareholders from among those who have the appropriate qualifications, education, age and experience required by the Myanmar Company Law, especially experience in finance, business and management of the battery business, which in the main business of the company. In particular, the diversity is considered among the company's Board of Directors. The Policy and Procedure for Nomination and Remuneration Committee is approved by the Board of Directors.

အမည်တင်သွင်းရေး နှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီကို ဒါရိုက်တာအဖွဲ့ရှိအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကော်မတီသည် ဒါရိုက်တာအဖွဲ့ဝင်များကို ပညာရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေး အစရှိသည့် ကဏ္ဍအသီးသီးတွင် အတွေ့အကြုံရှိသူများနှင့် မတူကွဲပြားသော ပုဂ္ဂိုလ်များပါဝင်သည့် ဒါရိုက်တာအဖွဲ့အဖြစ် ဖွဲ့စည်း ရန် ရွေးချယ်ဆုံးဖြတ်ပေးရပါသည်။ အမှုဆောင်ဒါရိုက်တာများ၊ ဒါရိုက်တာများနှင့် ထိပ်တန်းစီမံခန့်ခွဲသူများအတွက် အခကြေးငွေပေါ်လစီသတ်မှတ်ခြင်း၊ ပမာဏ သတ်မှတ်ထောက်ခံခြင်းနှင့် ဝန်ထမ်းတစ်ရပ်လုံး၏ အခကြေးငွေ ပေါ်လစီ ချမှတ်ပေးခြင်းများကို စဉ်းစားဆုံးဖြတ်ပြီး ဒါရိုက်တာအဖွဲ့သို့ အကြံပေးမှုများ ပြုလုပ်ပေးရပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ၏ သက်တမ်းမှာ (၃)နှစ် ဖြစ်သဖြင့် နှစ်စဉ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ဝင်များအားလုံး၏ သက်တမ်း အရင့်ဆုံး ၁/၃ ပုံမှာ နုတ်ထွက်ပြီး ၎င်းတို့နေရာများတွင် ဒါရိုက်တာအသစ်များကို ရွေးချယ်ခန့်အပ်ကြပါသည်။

ဒါရိုက်တာအသစ်များအတွက် အမည်တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေးကော်မတီသည် ဆန္ဒပြုထားသူ အစုရှယ်ယာရှင်များအနက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသောအရည်အချင်းနှင့် သင့်တော်သော ပညာအရည်အချင်း၊ အသက်အရွယ်၊ အတွေ့အကြုံ၊ အထူးသဖြင့် ကုမ္ပဏီ၏ အဓိကလုပ်ငန်းဖြစ်သော ဘက်ထရီလုပ်ငန်းတွင် ဘဏ္ဍာရေး၊ စီးပွားရေး၊ အုပ်ချုပ် ရေးတို့တွင် အတွေ့အကြုံမြင့်မားမှုတို့ကို အလေးထား စဉ်းစားရွေးချယ်ပါသည်။ အထူးသဖြင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအကြား မတူကွဲပြားမှုကို စဉ်းစား ကြပါသည်။

အမည်တင်သွင်းရေး နှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီ၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ဒါရိုက်တာအဖွဲ့ဝင်များမှ အတည်ပြုထားပါသည်။

# Risk Management

## ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲခြင်း

Proven promote the making of risk-based decision making based on core values, principles, compliance and dynamic internal control system in its day-to-day operations. The company adopts this risk-based decision making as one of the culture of the Company to comply. In implementing risk-based management, on-going communication, education, monitoring and mitigation are the salient parts of the management.

Particularly in external investment the company has not to lose the opportunity and on the other hand to define and mitigate the potential finance, operation and strategic risks. Furthermore, not to become fraud and misappropriate, afore said riskbased management and anti-corruption scheme are applied with great care.

Proven ကုမ္ပဏီသည် ကုမ္ပဏီ၏ အခြေခံတန်ဖိုးများ၊ စည်းမျဉ်းများ၊ နေ့စဉ်လုပ်ငန်းများရှိ လှုပ်ရှားမှုသက်ဝင်နေသော အတွင်းထိန်းချုပ်မှုစနစ်များကို အခြေခံ၍ အန္တရာယ်အခြေခံစဉ်းစားသော စီးပွားရေးဆုံးဖြတ်ချက်များ ချမှတ်ကြပါသည်။ အဆိုပါ အန္တရာယ်အခြေခံစဉ်းစားစီမံခန့်ခွဲမှုကို ကုမ္ပဏီယဉ်ကျေးမှုတစ်ရပ်ဖြင့် သတ်မှတ်အသုံးပြုခဲ့ပါသည်။ အန္တရာယ်များကို စီမံခန့်ခွဲရာတွင် အမြဲဆက်သွယ်ခြင်း၊ ပညာပေးခြင်း၊ အစဉ်စောင့်ကြည့်ခြင်းနှင့် အန္တရာယ် လျော့ပါးရေးသည် အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်ပါသည်။

အထူးသဖြင့် ကုမ္ပဏီနှင့် ပြင်ပရင်းနှီးမြှုပ်နှံရာတွင် ဖြစ်ပေါ်လာမည့်အခွင့်အရေးကို လက်မလွှတ်နိုင်ရန်နှင့် အခြားတဖက်တွင် ဖြစ်ပေါ်လာနိုင်သည့် ဘဏ္ဍာရေး၊ လုပ်ငန်းဆိုင်ရာနှင့် မဟာဗျူဟာအန္တရာယ်များကို ဖော်ထုတ်၍ ရင်းနှီးမှု မပြုလုပ်မီ အန္တရာယ်များ သေးငယ်အောင် စီစဉ်ဆောင်ရွက်ပါသည်။ ဆက်လက်၍ ငွေရေးကြေးရေး အလွဲသုံးစားမှု မရှိစေအောင် အထက်ပါအန္တရာယ်စီမံခန့်ခွဲမှုစနစ်နှင့် အဂတိတိုက်ဖျက်ရေးစီမံချက်ကို အမြဲမပျက် သတိကြီးစွာ ဆောင်ရွက်လျက် ရှိပါသည်။

# Business Continuity Committee

Business Continuity Committee (BCC) was formed in September 2020 to continue the company's operation and to carry out the activities related to COVID-19 in workplace in accordance with the requirements of the relevant departments of the Ministry of Health and Sport.
The BCC members are as follow;

Business Continuity Committee (BCC) ကို ကုမ္ပဏီ၏ လုပ်ငန်းများ ဆက်လက်လည်ပတ်နေစေရန်၊ လုပ်ငန်းခွင်အတွင်း COVID– 19 နှင့်ပတ်သက်သော ဆောင်ရွက်ချက် များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်သော ဌာနအသီးသီးမှ လိုအပ်ချက်များအတိုင်း ဆောင်ရွက် ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပါသည်။

BCC အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| Distribution | | Factory | |
|---|---|---|---|
| 1. | Managing Director<br>အုပ်ချုပ်မှုဒါရိုက်တာ | 1. | Managing Director<br>အုပ်ချုပ်မှုဒါရိုက်တာ |
| 2. | Director (Admin & Accounts)<br>ဒါရိုက်တာ (စီမံနှင့် ငွေစာရင်း) | 2. | Director (Admin & Accounts)<br>ဒါရိုက်တာ (စီမံနှင့် ငွေစာရင်း) |
| 3. | General Manager<br>အထွေထွေမန်နေဂျာ | 3. | Director (Production)<br>ဒါရိုက်တာ (ထုတ်လုပ်ရေး) |
| 4. | Admin Manager<br>မန်နေဂျာ (စီမံ) | 4. | Factory Manager<br>စက်ရုံမှူး |
| 5. | HR Manager<br>မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်) | 5. | Admin Manager<br>မန်နေဂျာ (စီမံ) |
| 6. | Sale Manager<br>မန်နေဂျာ (အရောင်း) | 6. | HR Manager<br>မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်) |
| 7. | Marketing Manager<br>မန်နေဂျာ (ဈေးကွက်ရှာဖွေရေး) | 7. | Production Manager<br>မန်နေဂျာ (ထုတ်လုပ်ရေး) |
| 8. | Brand Manager<br>မန်နေဂျာ (ကုန်အမှတ်တံဆိပ်ထူထောင်ရေး) | 8. | Accountant<br>စာရင်းကိုင် |
| 9. | Chief Accountant<br>မန်နေဂျာ (ငွေစာရင်း) | 9. | Management Representative<br>စီမံခန့်ခွဲမှုကိုယ်စားလှယ် |
| 10. | Management Representative<br>စီမံခန့်ခွဲမှုကိုယ်စားလှယ် | | |

The BCC meetings are held in September and October and the group decides on daily activities with Closed Group Chat.
Facebook community (Closed Group) has been created to respond to inquires through the timely and accurate dissemination of the information within the business, and to announce the company's unique achievements.
In addition, two meetings were held with the Business Development Committee (BDC).

September, October လများတွင် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး Closed Group Chat ဖြင့် နေ့စဉ် လုပ်ငန်းဆောင်ရွက်မှုများကို အဆိုပါအဖွဲ့မှ ဆုံးဖြတ် ဆောင်ရွက်လျက် ရှိပါသည်။

လုပ်ငန်းအတွင်း သတင်းအချက်အလက်များ အချိန်နှင့် တပြေးညီ တိကျမြန်ဆန်စွာ ဖြန့်ဝေရန်အတွက် Facebook community (Closed Group) များ တည်ထောင်၍ မေးမြန်းလိုသည်များကို ပြန်လည်ဖြေကြားပေးခြင်းနှင့် ကုမ္ပဏီ၏ ထူးခြားသော ဆောင်ရွက်ချက်များကို ဖော်ပြ ကြေငြာလျက် ရှိပါသည်။

ထို့အပြင် Business Development Committee (BDC) နှင့် အစည်းဝေး (၂)ကြိမ် ကျင်းပ၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

# Annual General Meetings



Our 19th Annual General Meetings was held on 18th January, 2020 at MELIA Hotel with the attendance of 21 Shareholders. During the AGM, we have exercised the following activities; seeking approval for Director's Report, Financial Statements and Audit Report, dividend allocation processes, election of Chairman and Directors, appointment of Managing Director, Executive Directors and Consultants, formation of Business Development Committee, formation of Audit and Risk Management Committee,formation of Nomination and Remuneration Committee, discussion regarding the reappointment of External Auditors.

| Resolution | % for | % against | % abstention |
|---|---|---|---|
| Approval for the directors' report, financial statements and auditors' report | 100% | – | – |
| Dividends allocation and schedule | 100% | – | – |
| Review of previous year's performance | 100% | – | – |
| Future activities, investment, etc. | 100% | – | – |
| Election of Chairman and Board Of Directors for upcoming year (2020–2021) | 100% | – | – |
| Formation of Business Development Committee | 100% | – | – |
| Formation of Audit & Risk Management Committee | 100% | – | – |
| Formation of Nomination & Remuneration Committee | 100% | – | – |
| Appointment of External Auditors | 100% | – | – |

# နှစ်ပတ်လည်အထွေထွေအစည်းအဝေး



(၁၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် MELIA HOTEL တွင် ကျင်းပခဲ့ရာ အစုရှယ်ယာရှင် (၂၁) ဦး တက်ရောက်ခဲ့ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာများ၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာများအား အတည်ပြုချက်ရယူခြင်း၊ အမြတ်ဝေစုခွဲဝေပေးအပ်ရန်ကိစ္စများ၊ ဥက္ကဋ္ဌနှင့် ဒါရိုက်တာများအား ရွေးချယ်ခြင်း၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အမှုဆောင်ဒါရိုက်တာများနှင့် အတိုင်ပင်ခံအကြံပေးပုဂ္ဂိုလ်များအားခန့်အပ်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီအား ဖွဲ့စည်းခြင်း၊ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီအားဖွဲ့စည်းခြင်း၊ အမည်တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေးကော်မတီအား ဖွဲ့စည်းခြင်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်များအား ပြန်လည်ခန့်အပ်ရန်ကိစ္စများ စသည်တို့ကိုအစုရှယ်ယာရှင်များမှသဘောတူ အတည်ပြုပေးခဲ့ကြပါသည်။

| ဆုံးဖြတ်ချက်များ | ထောက်ခံမဲ | ကန့်ကွက်မဲ | ကြားနေမဲ |
|---|---|---|---|
| ဒါရိုက်တာများ၏အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများအား အတည်ပြုခြင်း | ၁၀၀% | - | - |
| အမြတ်ဝေစုခွဲဝေပေးရန် ဆုံးဖြတ်ခြင်း | ၁၀၀% | - | - |
| ယခင်နှစ်၏စွမ်းဆောင်ရည်များကို ပြန်လည်သုံးသပ်ခြင်း | ၁၀၀% | - | - |
| ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုများ | ၁၀၀% | - | - |
| လာမည့်နှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခြင်း | ၁၀၀% | - | - |
| စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီအား ဖွဲ့စည်းခြင်း | ၁၀၀% | - | - |
| စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များစီမံခန့်ခွဲမှုကော်မတီအား ဖွဲ့စည်းခြင်း | ၁၀၀% | - | - |
| အမည်တင်သွင်းရေးနှင့်အခကြေးငွေသတ်မှတ်ရေးကော်မတီ အား ဖွဲ့စည်းခြင်း | ၁၀၀% | - | - |
| ပြင်ပစာရင်းစစ်များ ပြန်လည်ခန့်ထားခြင်း | ၁၀၀% | - | - |

# Future Plan

The Company set its goal and plan for 2020-2021 as follows;

- ❖ To certified International Automotive Task Force Certification (IATF)
  - To become Original Equipment Manufacturer for Auto-assemblers
  - To progressively improve automation
  - To continue to upgrade the R&D for fully function testing capability

- ❖ To analyze and set up the Digital Transformation roadmap plan
  - To invest in IT infrastructure including hardware and software
  - To standardize the software and application usages among the group of companies such as Accounting, HR, etc.
  - To increase data accuracy and analysis for better quality and cost control
  - To prepare for remote working for business continuality

- ❖ To review TOYO and LION battery brands
  - Polishing with new look for TOYO Logo, new packing and product out look
  - To review Brand Architecture
  - To research and validate the consumer purchasing behavior on Automotive Battery

- ❖ To open a delivery and service hubs
  - To open up a regional sales and service centers in major cities

- ❖ To review and set up new Key Performance Index from Financial Perspectives
  - To work with external financial consultant team

- ❖ To overcome the threats of Covid-19 pandemic, we will continue preventive plans for employees with the help of Ministry of Health and other local authority's department concern.

- ❖ For sustainability of stakeholders, crisis management plan will be laised down the with the assistance of consultants and all employees

# ကုမ္ပဏီ၏ ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များ

ကုမ္ပဏီသည် ၂၀၂၀-၂၀၂၁ တွင်၎င်း၏ရည်မှန်းချက်နှင့် အစီအစဉ်များကို အောက်ပါအတိုင်း ချမှတ်ခဲ့သည်။

- ❖ International Automotive Task Force Certification (IATF) ရရှိရန်
  - မော်တော်ယာဥ်တပ်ဆင်သူများအတွက် Original Equipment Manufacturer ဖြစ်လာစေရန်၊
  - Automation အဆင့်ဆင့် တိုးတက်လာစေရန်၊
  - အပြည့်အဝ လုပ်ဆောင်နိုင်စွမ်းစမ်းသပ်ခြင်း စွမ်းရည်အတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု (R&D) ကို အဆင့်မြှင့်ရန်၊

- ❖ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးလမ်းပြမြေပုံကို ဆန်းစစ်ရန်နှင့် တည်ဆောက်ရန်
  - Hardware နှင့် Software အပါအဝင် IT နည်းပညာတွင် ရင်းနှီးမြှုပ်နှံရန်၊
  - ညီနောင်ကုမ္ပဏီများအကြား Accounting, HR အစရှိသည့် Software နှင့် အသုံးပြုမှုများ တူညီ စေရန်၊
  - အချက်အလက်များ မှန်ကန်မှုနှင့် ပိုမိုကောင်းမွန်သောအရည်အသွေးနှင့် ကုန်ကျစရိတ်ထိန်းချုပ်မှု တိုးတက်လာစေရန်၊
  - စီးပွားရေးလုပ်ငန်းများကို နေရာဒေသမရွေး လုပ်ဆောင်နိုင်ရန်အတွက် ပြင်ဆင်ရန်၊

- ❖ TOYO နှင့် LION အမှတ်တံဆိပ်ကို ပြန်လည်သုံးသပ်ရန်
  - TOYO အမှတ်တံဆိပ်၊ ထုတ်ပိုးမှုအသစ်၊ Product Out Look အတွက် အမြင်အသစ်ဖြင့် ပြုပြင် မွမ်းမံရန်၊
  - Brand Architecture ပြန်လည်သုံးသပ်ရန်၊
  - မော်တော်ကားဘက်ထရီအပေါ် သုံးစွဲသူများ၏ အပြုအမူကို သုတေသနပြုရန်နှင့် အတည်ပြုရန်၊

- ❖ ပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုဌာနခွဲများဖွင့်လှစ်ရန်
  - အဓိကကျသော မြို့ကြီးများတွင် ဒေသဆိုင်ရာ အရောင်းနှင့်ဝန်ဆောင်မှုစင်တာများ ဖွင့်လှစ်ရန်၊

- ❖ ဘဏ္ဍာရေးရှုထောင့်မှ အဓိကစွမ်းဆောင်ရည်ညွှန်းကိန်းအသစ်ကို ပြန်လည်ဆန်းစစ်ရန်နှင့် ချမှတ်ရန်
  - ပြင်ပဘဏ္ဍာရေးအတိုင်ပင်ခံအဖွဲ့နှင့် လုပ်ငန်းများ ဆောင်ရွက်ရန်

- ❖ ကိုဗစ်-၁၉ ရောဂါ၏ ခြိမ်းခြောက်မှုအန္တရာယ်များကို ကုမ္ပဏီဝန်ထမ်းများအားလုံးအတွက် ကျော်လွှားနိုင်စေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းအများ၏ လမ်းညွှန်မှုဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရန်၊

- ❖ အကျိုးစီးပွားဆက်စပ်သူများအတွက် ရေရှည်တည်တံ့ပြီးအကျိုးဖြစ်ထွန်းစေရန်အလို့ငှာ အကြံပေးပညာရှင်ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းအားလုံးတို့ ပူပေါင်းညှိနှိုင်းအကောင်အထည်ဖော်ဆောင်သွားရန်၊



# Sustainability

People

Planet

Profit

Society

Stakeholder Engagement

# 4.



# Sustainability Report

## စီမံခန့်ခွဲရေးနှင့် ရေရှည်တည်တံ့ရေးအစီရင်ခံစာ




Proven's sustainability strategy is to build the capacity of our skilled staff to create sustainable economic development and clean and healthy workplace. Therefore, the following sustainability management policy and procedures are implemented and assess the global compliance. The three fundamentals of sustainability managements are :

Proven ၏ ရေရှည်တည်တံ့ရေးမဟာဗျူဟာမှာ ကျွမ်းကျင်သောဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်၍ ၎င်းဝန်ထမ်းများက ရေရှည်၍ တည်ငြိမ်သော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် သန့်ရှင်း၍ ကျန်းမာရေးနှင့်ပြည့်စုံသော လုပ်ငန်းခွင်ကို ဖန်တီးရန် ဖြစ်ပါသည်။ ထို့ကြောင့် အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနှင့် ရေရှည်တည်တံ့ရေးပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခြင်း၊ ကမ္ဘာ၏ လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်ခြင်းတို့ ဆောင်ရွက်ပါသည်။ စီမံခန့်ခွဲရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အခြေခံ (၃)ချက်မှာ –

**People**

To provide special trainings to staff to build intelligent human resources with clean and healthy workplace.

သန့်ရှင်း၍ ကျန်းမာရေးနှင့်ပြည့်စုံသော လုပ်ငန်းခွင်နှင့်အတူ ထက်မြက်သော လူ့စွမ်းအားကို တည်ဆောက်နိုင်ရေး ဝန်ထမ်းများအား အထူးလေ့ကျင့်သင်ကြားပေးရန်။

**Planet**

To respect for the environment and plan to reduce harmful gases and pollutants and establish a systematic and disciplined use of water.

ပတ်ဝန်းကျင်ကိုလေးစားခြင်းနှင့် အန္တရာယ်ဖြစ်စေသော ဓာတ်ငွေ့နှင့် ညစ်ညမ်းစွန့်ပစ်ပစ္စည်းများ လျော့ချရေး အစီအစဉ်နှင့် ရေစွမ်းအင်ကို စနစ်တကျနှင့် စည်းကမ်းတကျ သုံးစွဲမှုစနစ် ဖော်ဆောင်ရန်။

**Profit**

To make profit in line with business ethics through the development of the business plan and the best quality and services.

စီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်၍လည်းကောင်း၊ အကောင်းဆုံးအရည်အသွေးနှင့်ဝန်ဆောင်မှုကို ထုတ်လုပ် ၍လည်းကောင်း၊ စီးပွားရေးကိုယ်ကျင့်တရားအရ အကျိုးအမြတ်ကိုသာ ဖန်တီးရန်။

# Our Contribution for FY 2019-2020

## People

| | | |
|---|---|---|
| **99%**<br>of employees with permanent contracts<br>ကာလရှည်စာချုပ်ဖြင့်ငှားရမ်းထားသော ဝန်ထမ်းများ | **1,000+ Hours**<br>Total training hours provided to workforce<br>လေ့ကျင့်သင်ကြားပေးသော စုစုပေါင်းနာရီ | **17%**<br>of workforce are female<br>အမျိုးသမီးဝန်ထမ်းများ |

## Planet

| | | |
|---|---|---|
| **8**<br>Spills/accidents<br>မတော်တဆမှုများ | **2,585 Tons CO2 Eq**<br>Carbon Emission<br>ကာဗွန်ထုတ်လွှတ်မှု | **8,206,777 KWh**<br>Energy Comsumption<br>စွမ်းအင်သုံးစွဲမှု |

## Customer

| | | |
|---|---|---|
| **90%**<br>Nationwide distribution coverage<br>နိုင်ငံတဝှမ်းဖြန့်ဖြူးရောင်းချမှု | **5000+**<br>Sale touch points and retail outlets<br>လက်လီလက်ကားရောင်းချသည့်ဆိုင် အရေအတွက် | **10%~15%**<br>Of automotive and lighting battery users are using Toyo & Lion Battery<br>Toyo နှင့် Lion အမှတ်တံဆိပ် မော်တော်ကားဘက်ထရီနှင့်မီးထွန်းအိုးဘက်ထရီ သုံးစွဲသူများ |

## Community

| | | |
|---|---|---|
| **MMK 61 million**<br>Was spent for our philanthropic activities.<br>ပရဟိတလုပ်ငန်းများတွင် လှူဒါန်းမှု | **3,200+**<br>People impacted<br>အကျိုးပြုလူဦးရေ | **8+**<br>Number of events<br>လူမှုအကျိုးပြုပွဲများတွင် ပါဝင်ဆင်နွှဲမှု အရေအတွက် |

## Tax Contribution

| | | |
|---|---|---|
| **MMK 1,707 million**<br>Total tax paid<br>အခွန်ပေးဆောင်မှု စုစုပေါင်း | **MMK 378 million**<br>Corporate income tax (IT)<br>ဝင်ငွေခွန်ပေးဆောင်မှု | **MMK 1,329 million**<br>Commercial tax (CT)<br>ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်မှု |

# People

## လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု



In creating a talent work force, we are decided to construct at the working social base on effective management, respect of human rights and good corporate governance. The hazard of our industry is containments of lead and acid fumes which can be harmful to workers and environment. Thus, our company take great care on the health of individual and work force align with the International Risk Management Standards and International workplace development and health standards. The workplace safety, clean and protection are arranged comply the international standards and procedures. Complying with the National workers health policies, all the workers are subscribed in Social Security Scheme. For the emergency and health of workers well equipped clinics are arranged in factories recruit with medical physician and medical staff. Yearly medical checking for all the workers is conducted and supplement provisions like milk, banana, fresh and green vegetables are provided for the health of works. An external audit was conducted for ISO 18001:2007 OHSAS in December 2020.

Health protective equipments (PPEs), medicines and foods were supplied to all employees with the objective of Covid-19 prevention. We provided the materials, medicines and foods to those who have exposed to Covid-19 and contact tracing and also advance salary payment (1 month's salary).

We allow the necessary quarantines for Covid-19 patients and those in contact with the workplace with the support of the company not to reduce income.

ထက်မြက်ကျွမ်းကျင်သောလူ့စွမ်းအား အဖွဲ့အစည်းကို ထိရောက်သောဝန်ထမ်းစီမံခန့်ခွဲရေးစနစ်၊ လူ့အခွင့်အရေးလေးစားမှုနှင့် ကောင်းမွန်သောစီမံခန့်ခွဲရေးဖြင့် တည်ဆောက်ရန် ရည်ရွယ်ပြီးဖြစ်ပါသည်။ ကုမ္ပဏီ၏ ခဲသတ္တုနှင့် အက်ဆစ်များသည် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်စေသဖြင့် ဝန်ထမ်းတစ်ဦးချင်း၊ ဝန်ထမ်းထု၏ ကျန်းမာရေးကို နိုင်ငံတကာဘေးအန္တရာယ် စီမံခန့်ခွဲရေးစံနှုန်းများ၊ နိုင်ငံတကာလုပ်ငန်းခွင် ဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးစံနှုန်းများနှင့်အညီ အန္တရာယ်ကာကွယ်ရေး ဝတ်စုံနှင့် အသုံးဆောင်များကို စီစဉ်ပေးထားပြီးဖြစ်ပါသည်။ လုပ်ငန်းခွင်သန့်ရှင်းရေးအတွက် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပါသည်။ လုပ်သမားများအား နိုင်ငံတော်၏ လုပ်သားကျန်းမာရေးပေါ်လစီအရ နိုင်ငံတော်အစိုးရ၏ လူမှုဖူလုံရေးစီမံကိန်းတွင် ထည့်ဝင်ထားပြီးဖြစ်ပါသည်။ စက်ရုံအတွင်း အရေးပေါ်နှင့် အလုပ်သမားများ၏ ကျန်းမာရေးအတွက် ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးပြည့်စုံသော ဆေးခန်းများ ဖွင့်လှစ်ထားရုံမက နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုကို စီစဉ်ထားပြီးဖြစ်ပါသည်။

ကျန်းမာရေးဖြည့်စွက်စာအဖြစ် နို့၊ ငှက်ပျောသီး၊ သန့်ရှင်း လတ်ဆတ်သော အစားအစာများ ကျွေးမွေးပါသည်။ ကုမ္ပဏီ၏ပြည်သူ့ (လူ့စွမ်းအား) ထူးခြားသော ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ASIAN–OSHNET အဖွဲ့မှ ချီးမြှင့်သော ASEAN–OSHNET Best Practice Award 2016 ကို ရရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ISO 18001:2007 OHSAS အတွက် External Audit ကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း COVID–19 ရောဂါကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျန်းမာရေး အထောက်အကူပြု PPE များ၊ အားဆေးများနှင့် အစားအစာများကို ဝန်ထမ်းများအားလုံးသို့ ပေးဝေခဲ့ပါသည်။ Contact Tracing နှင့် Covid–19 ရောဂါနှင့် ထိတွေ့ခဲ့သူများအား အထောက်အကူပြု အသုံးအဆောင်၊ ဆေးဝါးနှင့် အစားအစာများကို ပေးပို့ခြင်းအပြင် ကြိုတင်လစာ (၁လစာ) ကို ထုတ်ပေးခြင်းဖြင့် ပံ့ပိုးပေးခဲ့ပါသည်။ Covid–19 လူနာနှင့် လုပ်ငန်းခွင်အတွင်း ထိတွေ့သူများ အားလိုအပ်သော Quanrantine ကို ဝန်ထမ်းများ၏ ဝင်ငွေလျော့ကျခြင်း/ လျော့နည်းခြင်း မရှိအောင် ကုမ္ပဏီမှ ပံ့ပိုးငွေဖြင့် လုပ်ငန်းခွင်မှ ခေတ္တအနားယူရန် ခွင့်ပြု ဆောင်ရွက်ပေးလျက် ရှိပါသည်။

For the occupational health and safety activities,ASEAN Occupational Safety and Health Network reward ASEAN-OSHNET Best Practice Award 2016.



ASEAN–OSHNET Best Practice Award ဆုကို ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ချက်များ အတွက် ၂၀၁၆ ခုနှစ်တွင် မြန်မာ့ကိုယ်စားပြု ရယူနိုင်ခဲ့ပါသည်။

## Key Figures

| 2 % | 99 % | 3 % |
|---|---|---|
| **Turnover rate (permanent)** | **Permanent full time contracts** | **Absenteeism rate** |


## Diversity & Inclusion


Proven carries out regular dialogue and meeting with staff to offer an opportunity to discuss the concerns and areas to improve. We strongly believe in promoting diversity, equal pay and treatment regardless of race, gender, age, social and ethnic background. We practice Zero Tolerance and Discrimination in our workplaces. We consider only performance and merit when promoting colleagues. During the last reporting period, 53 people were promoted, of which 36% were women. Across our Company, 17% of our workforce is women.


Our workforce's breakdown by gender and levels is provided in the chart below.

5 GENDER EQUALITY

## Key Figures






## မတူကွဲပြားခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း

Proven မှ ကုမ္ပဏီအရေးကိစ္စများနှင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်နေရာများအား ပြောဆိုဆွေးနွေးခွင့် ရရှိရန် ဝန်ထမ်းများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် လူမျိုးရေး၊ ကျား/မ ဖြစ်တည်မှု၊ အသက်နှင့် လုပ်တန်းစားအလွှာများအား ပဓာန မထားဘဲ မတူကွဲပြားမှုများနှင့် တန်းတူညီမျှ ဆက်ဆံပေးရေး၊ တူညီ လုပ်ခလစာရရှိရေးတို့ကို အားပေးထောက်ပံ့ရန် လေးနက်စွာ ယုံကြည်မှုရှိကြပါသည်။ ကျွန်ုပ်တို့လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံမှုများအား ဆန့်ကျင်ရေးကို လက်တွေ့ကျင့်သုံးလျက် ရှိပါသည်။

ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးရာတွင် စွမ်းဆောင်ရည်နှင့် အရည်အသွေးကိုသာ စဉ်းစားပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်း (၅၃) ဦးကို ရာထူးတိုးမြှင့်ပေးခဲ့ရာတွင် ၃၆% မှာ အမျိုးသမီးဝန်ထမ်းများ ဖြစ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝန်ထမ်း ၁၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝန်ထမ်းအင်အားကို ကျား/မ နှင့် ရာထူးအလိုက် ဖော်ပြပါဇယားတွင် ကြည့်ရှုနိုင်ပါသည်။

## Talent Management

Training our employees is critical for Proven. As a result, every year, all our employees have to attend some training which are Management, skill development, and which are dealing with safety, ISO awareness and business ethics. To continuously update their knowledge, we are requesting from our employee, experts to get at least 1,400 hours of training per year.

We recognized the importance of the knowledge and experience-based working team and it's effective outcomes. We invest in improving our team's technicality, management and general industry-related knowledge to continue to be the leader of the respective industries in Myanmar as well as to be competitive for the export market.

We implement the annual training plan for the different levels across all the departments. In house training sections work together with local trainers (in house and invited trainers) and international trainers. We encourage and assist our workforce to continue to seek higher education and professional knowledge and skills by allowing them a flexible working schedule and leaves.

We also recognized their achievement by either the advancement of their position or the addition to their income whichever is feasible. Training plan covers from orientation, safety (chemical, workplace safety, etc), management, communication, presentation, sales and marketing, etc. We have organized the total 1,027 hours of training sections for 2019-20





# အရည်အချင်းစီမံခန့်ခွဲမှု

ကျွန်ုပ်တို့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးသည် Proven အတွက် အရေးပါသော ကဏ္ဍမှ ပါဝင်နေပါသည်။ အကျိုးကျေးဇူးအနေဖြင့် နှစ်စဉ်ဝန်ထမ်းများအားလုံးမှ စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့်သင်တန်းများ၊ အတတ်ပညာကျွမ်းကျင်မှု သင်တန်းများ၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ သင်တန်းများ၊ ISO အသိပညာရပ်များနှင့် စီးပွားရေးကျင့်ဝတ်များနှင့်သက်ဆိုင်သည့်သင်တန်းများအား တက်ရောက်ကြရသည်။ ဝန်ထမ်းများ၏ အသိပညာရပ်များအား စဉ်ဆက်မပြတ် ခေတ်နှင့်အညီ သစ်ဆန်းနေစေရန် ကျွမ်းကျင်ပညာရှင်များနှင့် တစ်နှစ်လျှင် အနည်းဆုံး နာရီပေါင်း ၁,၄၀၀ ခန့် လေ့ကျင့်သင်ကြားပေးနိုင်ရေးကို ဝန်ထမ်းများအတွက် စီစဉ်ထားပါသည်။

ကျွန်ုပ်တို့မှ အသိပညာ၏အရေးပါမှုနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းကို အခြေပြုသော အတွေ့အကြုံများကို အသိအမှတ်ပြုသည့်အပြင် ထိုအရာများမှ ထိရောက်သော အကျိုးရလဒ်များအား ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိလုပ်ငန်းအသီးသီးတွင် ခေါင်းဆောင်အဖြစ် ဆက်လက်ရပ်တည်နိုင်ရန်အပြင် ပို့ကုန်ဈေးကွက်တွင်လည်း အများနှင့်ယှဉ်ပြိုင်နိုင်စေရန် ကျွန်ုပ်တို့အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းနှင့်စပ်လျဉ်းသည့် အထွေထွေဗဟုသုတများအား မြှင့်တင်ပေးရေးတွင် ရင်းနှီးမြှုပ်နှံထားပါသည်။

ဌာနအလိုက် မတူညီသောအလွှာအသီးသီးအတွက် နှစ်စဉ်လေ့ကျင့်ပေးရေးအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ဌာနအတွင်း လေ့ကျင့်ပေးရေးကဏ္ဍတွင်လည်း ပြည်တွင်းပညာရှင်များ (ဌာနတွင်းပညာရှင်များနှင့် ဖိတ်ကြားထားသောပညာရှင်များ)၊ ပြည်ပမှပညာရှင်များနှင့် ပူးပေါင်းကာ လုပ်ဆောင်လျက် ရှိပါသည်။ ကျွန်ုပ်တို့၏ဝန်ထမ်းများအား အဆင့်မြင့်ပညာရပ်များ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများအား ဆက်လက်ရှာမှီးနိုင်စေရန် အဆင်ပြေစေမည့် အလုပ်ချိန်များ၊ ခွင့်ရက်များ ခွင့်ပြုပေးထားပြီး အားပေးထောက်ပံ့ကူညီလျက် ရှိပါသည်။ ကျွန်ုပ်တို့ဘက်မှ ဝန်ထမ်းများ၏အောင်မြင်မှုအား ရာထူးတိုး ပေးခြင်းဖြင့်သော်လည်းကောင်း၊ တတ်နိုင်သမျှ ဝင်ငွေတိုးမြှင့်ပေးခြင်းဖြင့်သော်လည်းကောင်း အသိအမှတ်ပြုခဲ့ပါသည်။ လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်များတွင် လုပ်ငန်းခွင်တွင်း မိတ်ဆက်ပေးခြင်းမှအစပြုကာ ဘေးကင်းလုံခြုံရေး (ဓာတုပစ္စည်းများနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေး)၊ စီမံခန့်ခွဲမှု၊ ပေါင်းသင်းဆက်ဆံရေး၊ စီစဉ်တင်ပြခြင်းနှင့် အရောင်းနှင့် ဈေးကွက်ဆိုင်ရာ သင်တန်းများ စသည်တို့ ပါဝင်သည်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း လေ့ကျင့်သင်ကြားပေးရေးကဏ္ဍအတွက် ၁,၀၂၇ နာရီကို စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။


## Key Figures








Training Category




Training type







# Occupational Health and Safety

Creating and promoting a safe working condition to both employees and contractors are priority to Proven. To do so, Proven create a safety conscious culture as follows:

The Occupational Health and Safety committee is chaired by the department manager on a rotational basis.

The HSE and Environmental Committee consist of 13 people from various departments and professionals oversee the policies and guidelines.

Regular Third-party audits were carried out to ensure the compliance and enforcement of the OHSAS 18001:2007 requirements and additional safety standards.

## Key Figures









# လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး

ဝန်ထမ်းများအတွက်သာမက ကန်ထရိုက်တာများအတွက်ပါ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင် အခြေအနေများ အား ဖန်တီးပေးရေးနှင့် မြှင့်တင်ပေးနိုင်ရေးသည် Proven ၏ ဦးစားပေးသတ်မှတ်ချက် ဖြစ်သည်။ သို့ဖြစ်ပါ၍ Proven မှ ဘေးကင်းလုံခြုံရေးအသိပညာပေးဖွံ့ဖြိုးရေးအား အောက်ပါအတိုင်း ဖန်တီးထားပါသည်။

- ❖ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကော်မတီအား ဌာနမန်နေဂျာများမှ အလှည့်ကျစနစ်ဖြင့် သဘာပတိ အဖြစ် တာဝန်ယူဆောင်ရွက်ကြသည်။
- ❖ HSE နှင့် သဘာဝပတ်ဝန်းကျင်ကော်မတီတွင် ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် မူဝါဒများ၊ လမ်းညွှန်ချက်များအား စီမံကွပ်ကဲနိုင်သည့် ကျွမ်းကျင်ပညာရှင်များ ၁၃ ဦးခန့်ဖြင့် ဖွဲ့စည်းထားသည်။
- ❖ OHSAS 18001:2007 လိုအပ်ချက်များနှင့် ထပ်ဆောင်းဘေးကင်းလုံခြုံမှုစံနှုန်းများအား လိုက်နာကျင့်သုံးစေရန် ပြင်ပအဖွဲ့အစည်းများဖြင့် စုံစမ်းစစ်ဆေးခြင်းများအား ပြုလုပ်နိုင်ခဲ့ပါသည်။

## အကျိုးရလဒ်

- ❖ ပြင်းထန်အဆင့် လုပ်ငန်းခွင် ထိခိုက်မှု မရှိပါ။
- ❖ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှု မရှိပါ။
- ❖ ဂန်ထမ်း ၂၃၁ ဦးအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ခြင်း။

## Managing Hazardous Substances


Battery manufacturing process uses substances and materials that can be present health, safety and environmental risks. So, we are committed to mitigating the risks related to our activities. Therefore, we focus our efforts on reducing usage chemical, controlling waste and environmental effect while complying with legal and customer requirements. All our manufacturing sites identify and assess risk, define appropriate working area and we aim to make sure workers are protected, consider the risks linked to hazardous substances and respect safety measures. We also ensure that first aiders, emergency response teams and equipment safety and workplace environment controls are well prepared in case of any incidents. Beside, we have accordingly labeling, training, availability of personal protective equipment and emergency preparedness. We have appointed third-party experts to conduct audits for occupational health and safety and environment at all our manufacturing and distribution sites.



ဘက်ထရီကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်သည် ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များကို ဖြစ်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများကို အသုံးပြုရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် အန္တရာယ်များကို လျှော့ချရန် ကတိကဝတ်ပြု ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ဓာတုပစ္စည်းသုံးစွဲမှုကို လျှော့ချရန်၊ စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရန်နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဥပဒေနှင့်ဖောက်သည်များကို လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် ကြိုးစားအားထုတ်လျက် ရှိပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းခွင်များအားလုံးတွင် အန္တရာယ်ရှိသောအရာများနှင့် သင့်လျော်သောလုပ်ငန်းခွင်နေရာအား ခွဲခြားသတ်မှတ်ထားပါသည်။ ကျွန်ုပ်တို့သည် အလုပ်သမားများအား အကာအကွယ်ပေးမှု သေချာစေရန်၊ အန္တရာယ်ရှိသော ပစ္စည်းများနှင့် ဆက်စပ်သော အန္တရာယ်များကို စဉ်းစားရန်၊ ဘေးကင်းလုံခြုံရေးအစီအစဉ်များကို လေးစားဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ မည်သည့်အဖြစ်အပျက်မျိုးတွင်မဆို ပထမဦးဆုံးကူညီသူများ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် အကာကွယ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းချုပ်မှုများကို ကောင်းစွာ ပြင်ဆင်ဆောင်ရွက်နေပါသည်။ ထို့အပြင် ကျွန်ုပ်တို့အနေဖြင့် အမှတ်အသားတံဆိပ်ကပ်ခြင်း၊ လေ့ကျင့်ပေးခြင်း၊ ကိုယ်ပိုင်အကာကွယ်ပစ္စည်းများနှင့် အရေးပေါ်ပြင်ဆင်မှုများကို ဆောင်ရွက်ထားပါသည်။ ကုန်ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးရေးနေရာများတွင် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးရန်အတွက် ပြင်ပ ကျွမ်းကျင်သော အဖွဲ့အစည်းများကို ခန့်အပ်ထားပါသည်။



GHS Labelling for Transportation truck

## Personal Protective Equipment





Suitable PPE are provided all relevant area ection.

သင့်လျော်သော အကာကွယ်ပစ္စည်းများကို သက်ဆိုင်ရာလုပ်ငန်းခွင်အလိုက် ပြင်ဆင်ပေးထားပါသည်။

## Air Shower Unit



We provided air shower unit to employees to clean their body who related to the production before entering to the dining room/ cafeteria.

Note: Stop to use of air shower unit after covid-19 occur in Myanmar.

ထုတ်လုပ်မှုနှင့်ဆက်စပ်သောဝန်ထမ်းများအား ထမင်းစားဆောင်သို့ မဝင်မီ ခန္ဓာကိုယ်သန့်ရှင်းရန်အတွက် လေမှုတ်စက် ထားရှိဆောင်ရွက်ပေးထားပါသည်။

မှတ်ချက်။ ကိုဗစ်-၁၉ ကာလအတွင်း လေမှုတ်စက်အသုံးပြုမှုအား ရပ်ဆိုင်းထားပါသည်။

## Emergency Equipment






Employees who work related to any hazardous particle or liquid, they can use emergency eye wash and water shower for any emergency purpose.

အန္တရာယ်ရှိသော အမှုန်များ သို့မဟုတ် အရည်များနှင့် ဆက်စပ်လုပ်ကိုင်သော ဝန်ထမ်းများသည် မည်သည့်အရေးပေါ် ရည်ရွယ်ချက်အတွက်မဆို အရေးပေါ် မျက်စိ ဆေးခြင်းနှင့် ရေပန်းကို အသုံးပြုနိုင်ပါသည်။

## Company Clinic



- We not only care employees' safety but also their health and well-being.
- Free Clinic Service is provided to all employees.
- Appointed Company Medical Doctors

ကျွန်ုပ်တို့သည် ဝန်ထမ်းများ ဘေးကင်းလုံခြုံရေးကိုသာမက ကျန်းမာရေးကို ဂရုစိုက်သောကြောင့် ဝန်ထမ်းအားလုံးအတွက် အခမဲ့ဆေးခန်းဝန်ဆောင်မှုနှင့် ဆေးဘက်ဆိုင်ရာဆရာဝန်များကိုလည်း စီစဉ်ပေးထားပါသည်။

## Laundary Services



We provided laundry service to employees to prevent the lead poison and exposure to their families and love.

They change their uniform before entering into workplace and return their uniform to the free laundry service before they are leaving from the work place.

Note: Stop to use of air shower unit after covid-19 occur in Myanmar

ဝန်ထမ်းများနှင့် ၎င်းတို့မှတဆင့် မိသားစုဝင်များကို ခဲအဆိပ်သင့်ခြင်းမှ ကာကွယ်ရန် လုပ်ငန်းခွင်သို့ မဝင်မီနှင့် လုပ်ငန်းခွင်မှ အထွက်ခွာမီ ၎င်းတို့၏အဝတ်အစားများကို အခမဲ့ အဝတ်လျှော်ဝန်ဆောင်မှုကို စီစဉ်ဆောင်ရွက်ပေးထားပါသည်။

မှတ်ချက်။ ကိုဗစ်-၁၉ ကာလအတွင်း အဆိုပါဝန်ဆောင်မှုအား ရပ်ဆိုင်းထားပါသည်။

## Clean and Hygienic Cafeteria (Nutitional Supplement)



- All employees have their meals at the clean and hygienic cafeteria.
- Providing of nutritional supplement foods for all employees daily (Electrolyte Beverage Juice, Banana, Soya bean juice, Bread, Egg, etc...

ဝန်ထမ်းများသည် သန့်ရှင်းသော စားသောက်ခန်းတွင် နေ့လည်စာ/ညစာများ စားသောက်ရပါသည်။ ဝန်ထမ်းများ အားလုံးကို ကျန်းမာရေးဖြည့်စွက်စာအဖြစ် အာဟာရဖြည့်ဖျော်ရည်၊ ငှက်ပျောသီး၊ ပဲနို့၊ ပေါင်မုန့်၊ ကြက်ဥ အစရှိသည်များကို နေ့စဉ် စီစဉ်ပေးထားပါသည်။

# Planet
## နေထိုင်ရာ ကမ္ဘာမြေ




Our company's products contain lead and acid that can be harmful to environmental health and biological resources. As our company is for the environmental health and protection, our company makes arrangement to alleviate the chemical and waste of the factories by congregating the spread-out gas and treatment of hazardous wastes following the international standards. Thus, I.S.O 14001:2015 EMS was awarded in 13th February 2014, ISO 18001:2007 OHSAS was awarded in 17th April 2015 and Responsible Care Certificate was awarded by cooperation of Myanmar Industrial Association (Chemical Industry Group) and JETRO. Furthermore, for the greenery of our planet, seedlings were planted. Food and charitable goods were donated to the orphanage schools.

ကုမ္ပဏီ၏ ထုတ်လုပ်ကုန်ပစ္စည်းမှာ ခဲသတ္တုနှင့် အက်ဆစ်တို့ဖြစ်သဖြင့် ပတ်ဝန်းကျင် ကျန်းမာရေးနှင့် ဇီဝသယံဇာတများကို ထိခိုက်စေနိုင်သဖြင့် ပတ်ဝန်းကျင် ကျန်းမာသောကင်းရေးကို လေးစား၍ ထုတ်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ရှိသော ဓာတ်ငွေ့ များနှင့် ညစ်ညမ်းစွန့်ပစ်ပစ္စည်းများ လျှော့ချရန် အဓိကဆောင်ရွက်ကြပါသည်။ စက်ရုံအတွင်း ပျံ့နှံ့နေသော ဓာတ်ငွေ့များကို စုစည်း၍လည်းကောင်း၊ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို အန္တရာယ်ဖြစ်ပွားမှု မရှိစေရန် ဆောင်ရွက်ခြင်းနှင့် စနစ်တကျ စွန့်ပစ်ခြင်းကို နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ISO 14001:2015 EMS ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင်လည်းကောင်း၊ ISO 18001:2007 OHSAS ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁၇)က်နေ့တွင်လည်းကောင်း၊ Myanmar Industries Association (Chemical Industry Group) နှင့် JETRO တို့မှ ပူပေါင်းချီးမြှင့်သော Responsible Care လက်မှတ်ကို ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင် လည်းကောင်း ရရှိပြီး ဖြစ်ပါသည်။ ပတ်ဝန်းကျင်သာယာစိမ်းလန်းရေးအတွက် သစ်ပင်များကို စိုက်ပျိုးစေပြီး မိဘမဲ့ကလေးများကို အစာအာဟာရကျွေးမွေးခြင်းနှင့် ငွေနှင့် အသုံးဆောင်ပစ္စည်းများကို ပံ့ပိုးပေးခဲ့ပါသည်။

**ISO 14001:2015 EMS Certificate**



ISO 14001:2015 မှာ International Organization for Standardization သည် ကုမ္ပဏီမှ ဆောင်ရွက်သော သဘာဝ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော နိုင်ငံတကာစံနှုန်း နှင့်ညီညွတ်သဖြင့် ထုတ်ပေးသော လက်မှတ် ဖြစ်ပါသည်။

**OHSAS 18001:2007 Certificate**

OHSAS 18001:2007 မှာ ကုမ္ပဏီမှ နိုင်ငံတကာစံနှုန်းနှင့်အညီ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ဆောင်ရွက်ချက်များကြောင့် ထုတ်ပေးသောလက်မှတ် ဖြစ်ပါသည်။

Responsible Care

Responsible Care မှာ Myanmar Industry Association နှင့် JETRO တို့၏ ဓာတု ဗေဒစက်မှု လုပ် ငန်းများ၏ ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် လုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်စံနှုန်းများဖြင့် ကိုက် ညီစွာ ကျင့်သုံးနိုင်ခြင်း ဖြစ်၍ ချီးမြှင့်ခြင်း ဖြစ်ပါသည်။


## Environmental Friendly Business Operation

Proven is committed to minimize the environmental and social impact in the areas that we conduct businesses. We believe in long term sustainability and reputation as a responsible group of companies by seeking and adopting new higher standards. We are once again proud to be an ISO 14001, Environmental Management System which we believe is the minimum fundamental compliance to act and conduct businesses in a responsible manner. We are also carrying out the environmental impact assessments at the respective companies.

Proven has consumed about 8 million kWh for this reporting period. Majority of the energy consumption comes from the electricity and the diesel generators were used during the power-cut off time. Proven participated as one of the energy-efficient training under UNIDO project. We were able to improve our energy saving and waste reduction at various production areas. We have been using LED lights, sensor-based auto systems, servo drives, frequency inverters, soft starters, at the area where it applies. This approach has made us to be much more energy efficient and has increased in significant energy saving.

We contain all the process water, treat and test and follow strict treated water discharge procedures and guidelines. To promote environmental and long term social impact caused by battery and acid waste, we set up a battery recycling company, Yangon Metal Industry Co., Ltd., and have been converting the scrap batteries to finished lead and have also been exporting as part of the national economy building. We also offer a free acid treatment service to the shops that carry our products. All the return acid from various brands of batteries will be treated at our chemical treatment plant to help the well-being of the people living around those shops. Wellbeing of the people does matter to Proven.

In December 2020, an external surveillance audit was conducted for ISO 14001:2015 EMS.




### သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စီးပွားရေးလုပ်ငန်းများ

Proven မှ စီးပွားရေးလုပ်ငန်းလုပ်ဆောင်နေသော နေရာများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်း အပေါ် သက်ရောက်မှုများ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့သည် ပိုမိုမြင့်မားသော စံနှုန်းသစ်များအား ရှာဖွေကျင့်သုံးခြင်းဖြင့် တာဝန်ကျေပွန်သော ကုမ္ပဏီအဖြစ် နာမည်ကောင်းနှင့် ရေရှည်ရပ်တည်နိုင်မည်ဟု ယုံကြည်ပါသည်။ စီးပွားရေးလုပ်ငန်းများအား ယုံကြည်စိတ်ချရသော နည်းလမ်းဖြင့် လုပ်ဆောင်ရန် အနိမ့်ဆုံးအနေဖြင့် အခြေခံကျသည့်လိုက်နာမှုဟု လက်ခံထားကြသည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ် ISO:14001 အသိမှတ်ပြုခြင်းခံရသည့်အတွက်လည်း ကျွန်ုပ်တို့ ထပ်မံဂုဏ်ယူမိပါသည်။ ကျွန်ုပ်တို့မှ သက်ဆိုင်ရာကုမ္ပဏီ အသီးသီးတွင် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းများလည်း ဆောင်ရွက်နေပါသည်။

Proven မှ အစီရင်ခံတင်ပြသည့်ကာလအတွင်း ၈ သန်း kWh ခန့် သုံးစွဲထားပြီးဖြစ်သည်။ စွမ်းအင်သုံးစွဲမှု အများစုမှာ လျှပ်စစ်စွမ်းအင်ဖြစ်ပြီး လျှပ်စစ်မီး ပြတ်တောက်သောကာလအတွင်း ဒီဇယ်မီးအားပေးစက်များကို အသုံးပြုခဲ့ပါသည်။ Proven မှ UNIDO စီမံကိန်းတွင် စွမ်းအင်ထိရောက်စွာ သုံးစွဲရေးသင်တန်းတစ်ခုအား ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် စွမ်းအင်ချွေတာသုံးစွဲရေးကို မြှင့်တင်နိုင်ခဲ့ပြီး လုပ်ငန်းခွင် အသီးသီးတွင်လည်း အညစ်အကြေးစွန့်ပစ်ပစ္စည်းများ လျှော့ချနိုင်ခဲ့သည်။ ကျွန်ုပ်တို့မှ LED မီးများ၊ အလို အလျောက်စနစ်အား အခြေခံသည့် ဆင်ဆာစနစ်များ၊ လိုအပ်သောလှုပ်ရှားမှုများဖြစ်စေရန် လိုအပ်သော ဗို့အား ထုတ်လုပ်ပေးသည့်စက်များ၊ ကြိမ်နှုန်းအင်ဗာတာများ၊ စက်နှိုးကိရိယာများအား လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ခဲ့သည်။ စွမ်းအင်ပိုမိုထိရောက်စွာ သုံးစွဲစေနိုင်သည့်အပြင် စွမ်းအင်များလည်း ချွေတာနိုင်ခဲ့သည်။

ကျွန်ုပ်တို့သည် လုပ်ငန်းခွင်သုံးရေများအား ထိန်းသိမ်းသုံးစွဲပြီး မစွန့်ထုတ်မီ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဘက်ထရီနှင့် အက်ဆစ်စွန့်ပစ်ပစ္စည်းများမှ ဖြစ်ပေါ်စေသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအပေါ် ကာလရှည်အကျိုးသက်ရောက်မှုဖြစ်စေနိုင်မှုအား ကူညီပံ့ပိုးပေးရန် ဘက်ထရီပြန်လည်အသုံးပြုသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd. အား တည်ထောင်ခဲ့ပြီး စွန့်ပစ်ဘက်ထရီများအား အချောထည်ခဲသတ္တုခဲများအဖြစ် ပြောင်းလဲထုတ်လုပ်ကာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အစိတ်အပိုင်းအဖြစ် ပြည်ပသို့ တင်ပို့လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ထုတ်ကုန်များအား အသုံးပြုသည့် ဆိုင်များတွင်လည်း အက်ဆစ်ဓာတ်များ ကင်းရှင်းရေး ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပါသည်။ ဆိုင်အနီးတဝိုက်တွင် နေထိုင်ကြသော ပြည်သူလူထု၏ လူမှုဘဝကျန်းမာပြည့်စုံရေးအတွက် ဘက်ထရီတံဆိပ်အသီးသီးမှ ပြန်လည်အသုံးပြု၍ရသော အက်ဆစ်များအား ကျွန်ုပ်တို့၏ ဓာတုပစ္စည်းများပြုပြင်ရေးစက်ရုံများတွင် ပြန်လည်ပြုပြင်မည် ဖြစ်ပါသည်။ အများပြည်သူ၏ လူမှုဘဝကျန်းမာပြည့်စုံရေးသည် Proven အတွက် လွန်စွာ အရေးပါလှပါသည်။

ISO 14001:2015 EMS အတွက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် External Surveillance Audit အား ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

# Environmental Compliance

The company continuously conducts the operation according to the legal provisions of Directorate of Industrial Supervision and Inspection,Factories and General Labour Laws Inspection Department and Department of Environmental Conservation chemicals, work environment and air ventilation, drain water quality and wastewater treatment, hazardous waste and non-hazardous industrial waste storage, transportation, etc. The procedure shall be supervised through the Environment Management System by the officer in charge and Company's internal auditors for consistency, accuracy and completeness as required by law. The result of legal operation is reported to the management for review in the quarterly Management Review Meeting. Proven has complied with all applicable laws and standards and recognized all the work carried out by the working team for achievement and dedication to making it proven as one of the top environmentally compliance companies.

# သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတိုင်းလိုက်နာဆောင်ရွက်ခြင်း

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့က ချမှတ်ထားသောဥပဒေပြဌာန်းချက်များနှင့်၊ ဓာတုပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လေဝင်လေထွက်စနစ်၊ စွန့်ထုတ်ရေ အရည်အသွေးနှင့် စွန့်ထုတ်ရေပြန်လည်ပြုပြင်ရေး၊ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ထုတ်ပစ္စည်းများ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော လုပ်ဆောင်ချက်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။ လုပ်ငန်းစဉ်များအား သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်နှင့်အညီ အရာရှိများနှင့် ကုမ္ပဏီ၏ စစ်ဆေးရေးအဖွဲ့များမှ ဥပဒေများနှင့်အညီ တသွေမတိမ်း တိကျမှန်ကန်ပြည့်စုံအောင် စီမံကွပ်ကဲ ကြီးကြပ်လျက် ရှိပါသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များ၏ အကျိုးရလဒ်အား စီမံခန့်ခွဲမှုအဖွဲ့ထံသို့ သုံးလတစ်ကြိမ် ကျင်းပနေကျဖြစ်သော

စီမံခန့်ခွဲမှုသုံးသပ်ရေးအစည်းအဝေး၌ အစီရင်ခံတင်ပြပါသည်။ Proven မှ သက်ဆိုင်ရာ ဥပဒေများ၊ စံနှုန်းများနှင့် အညီ ဆောင်ရွက်နေပြီး အဖွဲ့အစည်းမှ အောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် Proven အား သဘာဝ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်သည့် ထိပ်တန်း ကုမ္ပဏီ တစ်ခုဖြစ်ရန် ပေးဆပ်နေမှုများအား အသိအမှတ် ပြုပါသည်။

12 RESPONSIBLE CONSUMPTION AND PRODUCTION

## Waste Disposal

Waste Disposing are separated at the sources into 4 different types such as Paper Waste, Plastic Waste, General Waste and Hazardous Waste. Each type has been managed by suitable methods. Paper and Plastic Waste are given the priority the buyer with the recycling facility or intention to recycle to reduce the environment impact. Hazardous liquid waste was sent to the waste water treatment plant and discharge or reuse after the treatment system. Hazardous waste was disposed by the government municipal services.During the Covid-19, the arrangement and awareness of PPE disposal were conducted.




## စွန့်ပစ်အညစ်အကြေးများ

စွန့်ပစ်ပစ္စည်းများစွန့်ပစ်ရာတွင်လည်း စက္ကူစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ အထွေထွေစွန့်ပစ်ပစ္စည်းများ၊ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းအဖြစ် အမျိုးအစား လေးမျိုး ခွဲခြားကာ စွန့်ပစ်လျက်ရှိသည်။ အမျိုးအစားတစ်ခုချင်းစီအား သင့်လျော်သောနည်းလမ်းများဖြင့် စီမံဆောင်ရွက်လျက်ရှိပါသည်။ စက္ကူနှင့် ပလတ်စတစ် အညစ်အကြေးများအား စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုသည့်စနစ်အား ကျင့်သုံးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးဖြစ်စေခြင်းကို လျော့ချနိုင်စေရန် တဆင့် ပြန်လည် အသုံးပြုမည့်ဝယ်သူများထံ ရောင်းချလျက်ရှိပါသည်။ အန္တရာယ်ရှိသောစွန့်ပစ်အရည်များအား စွန့်ပစ်ရေ ပြန်လည်ပြုပြင်ရေး စက်ရုံများသို့ ပိုက်လိုင်းမှတဆင့် ပို့ဆောင်ပြီး ပြုပြင်ပြောင်းလဲကာ စွန့်ထုတ်ပါသည်။ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား နိုင်ငံတော်စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ စွန့်ပစ်ပါသည်။ Covid-19 ကာလအတွင်း ကျန်းမာရေးဆိုင်ရာ (PPE) ကို သီးသန့်စွန့်ပစ်နိုင်ရန်အတွက် စီစဉ်ခြင်း/ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



Waste Disposal

## Water

All wastewater is sent to the wastewater treatment plant. By using the wastewater treatment system, some of the recycled water has been used in toilet and gardening. This has helped to reduce the raw water consumption of 5,300 m3/year. Water supply is not available Proven uses approximately 70,000 m3/year of underground water and all of the un-efficient motor changes with efficient motors do not lose time and energy.



Water Recycling

## စွန့်ပစ်ရေများ


စွန့်ပစ်ရေများအားလုံးအား စွန့်ပစ်ရေပြုပြင်ပြောင်းလဲရေး စက်ရုံသို့ ပို့ဆောင်ပါသည်။ စွန့်ပစ်ရေးပြုပြင်ပြောင်းလဲရေး စနစ်အား အသုံးပြုပြီး တဆင့်ပြန်လည်ရရှိလာသော ရေ အချို့အား အိမ်သာများဆေးကြောခြင်းနှင့် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းများတွင် အသုံးပြုပါသည်။ ထိုသို့အသုံးပြုခြင်း များက ရေအရင်းအမြစ်သုံးစွဲခြင်းကို တစ်နှစ်လျှင် ၅,၃၀၀ m3 အထိ လျော့ချရာတွင် အထောက်အကူပြုခဲ့ပါသည်။ ရေအရင်းအမြစ် အလုံအလောက် မရရှိသည့် နေရာများတွင် Proven မှ မြေအောက်ရေကို တစ်နှစ်လျှင် ၇၀,၀၀၀ m3 ခန့်သုံးစွဲပြီး ထိရောက်မှုမရှိသော စက်ပစ္စည်းများအား အချိန်နှင့်စွမ်းအင် ဆုံးရှုံးမှုမရှိစေရန် ထိရောက်မှုရှိသော စက်များနှင့် ပြောင်းလဲခဲ့သည်။



Centralized Waste Water Treatment

## Air

For the fume concern with lead into the process, lead fume purified machine has been cleaned by absorbing the entire lead fume with filter. And, all of the dust comes out from plate cutting and brushing section has been reduced the lead particles from the operation area by using dust collector and purified machine. For acid mist, we used the acid fume exhaust system to eliminate the acid fume emission into the atmosphere. After by cleaning from all purifying machine, all of the fume, dust and mist are changing as the cleaning air has been emitted to the atmosphere. Beside, PTIC has every three years checking to the air result by communication with ministry of occupational and health laboratory.




NaOH usage (kg/ton) for Waste Water and Acid Fume

## လေထု

လုပ်ငန်းခွင်မှထွက်လာသော ခဲငွေ့များကို ခဲအငွေ့သန့်စင် စက်ဖြင့် စုပ်ယူသန့်ရှင်းစေပါသည်။ ထို့အပြင် ပလိတ်ပြား ဖြတ်ခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသော ဖုန်မှုန့်များကို ဖုန်မှုန့်စုဆောင်းသန့်စင်စက်ကို အသုံးပြု၍ လုပ်ငန်းခွင်မှ ခဲအမှုန်များကို လျှော့ချမှုများ ပြုလုပ်ပါသည်။ အက်ဆစ်အငွေ့ထွက်သောစနစ်ကို အသုံးပြု၍ လေထု အတွင်းရှိ အက်ဆစ်အခိုးငွေ့ထုတ်လွှတ်မှုကို ဖယ်ရှား ခဲ့ပါသည်။ သန့်စင်ပေးသော စက်များဖြင့် သန့်ရှင်းရေး ပြုလုပ်ပြီးနောက် ဖုန်နှင့် အခိုးအငွေ့အားလုံးကို သန့်စင်သော လေအဖြစ် လေထုအတွင်း ပြောင်းလဲထုတ်လွှတ်ပါသည်။ ထို့အပြင် အမျိုးသားလုပ်ငန်းခွင်နှင့်ကျန်းမာရေး ဓာတ်ခွဲခန်းနှင့် ဆက်သွယ်၍ သုံးနှစ်လျှင် တစ်ကြိမ် လေထု စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ပါသည်။


Air Quailty Test


Lead Fume Purify System


Acid Fume Purification System

## Energy and GHG emission

Proven has organized an energy management committee and energy management practice since the end of the year 2015. The factory complied and regarded the energy policy, target plan and working procedure to improve energy saving.

All employees were required to participate in the implementation of energy-saving activities. Proven has invited the EnMS experts corporate with UNIDO to provide the CASO awareness and the energy efficiency training in 2016. Good Energy saving activities were continued to practice in the operation floors and offices. The project saved about 2204,245 KWh by 2020.

| Energy Saving Activities | Example |
|---|---|
| Using of Energy Saving Lumps | Replacement the LED lighting to all office rooms and process manufacturing building and high-efficiency motor |
| Change Fix to Variable | Control system frequency for lead fume, acid fumes and dust collector machines |
| Reduce Leakage and Losses Energy | Fix the valve to open/close for the absorption of air at plate cutting and brushing section when no need condition and reduce lighting for suitable lux |
| Improvements on the compressed air system | Addition the receiver tanks to get high efficiency and control of compres-sors, reduction of plant pressure (pressure drops across pipes and filters) |
| Reduce Energy Usage in day-time | Implementation of transparent roof sheets for better daylight utilization in some production areas |
| Change main breaker to circuit breaker | Installing of circuit breakers to separate the lighting line in the production section |

# Key Figures



Energy Consumption
**8,206,777 KWh**





Carbon Emission
**2,585 tons CO2 Eq**



Waste Recycle
**4,091 Kg**

## စွမ်းအင်နှင့်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ

Proven မှ စွမ်းအင်စီမံခန့်ခွဲမှုကော်မတီအား ၂၀၁၅ ခုနှစ် အကုန်မှ စတင်ဖွဲ့စည်းပြီး စွမ်းအင်စီမံခန့်ခွဲရေး ကျင့်ထုံးများအား ကျင့်သုံးလာခဲ့ပါသည်။ စက်ရုံများမှ စွမ်းအင်ချွေတာရေးအား မြှင့်တင်ရန် စွမ်းအင်မူဝါဒများ၊ ရည်မှန်းချက်အစီအမံများနှင့် လုပ်ထုံးလုပ်နည်းများအား လေ့လာပြီး လိုက်နာကျင့်သုံးခဲ့ပါသည်။
ဝန်ထမ်းများအားလုံးသည်လည်း စွမ်းအင်ချွေတာရေး လုပ်ဆောင်ချက်များအား အကောင်အထည်ဖော်ရာတွင် ပူပေါင်းပါဝင်ကြပါသည်။ စက်ရုံမှ စွမ်းအင်စီမံခန့်ခွဲမှုစနစ်၏ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားကာ UNIDO နှင့် ပူးပေါင်းပြီး CASO အသိပညာနှင့် စွမ်းအင်အား အကျိုးထိရောက်စွာသုံးစွဲနိုင်ရေးသင်တန်းများအား ပို့ချပေးခဲ့ပါသည်။ စွမ်းအင်ချွေတာရေးလုပ်ဆောင်မှုအား ၂၀၁၆ ခုနှစ်မှ စတင်ကာ စီမံဆောင်ရွက်ခဲ့သည်။ အဆိုပါ စီမံကိန်းမှ ၂၀၂၀ ပြည့်နှစ်အတွင်း ၂၂၀,၂၄၅ KWh ခန့် သက်သာသုံးစွဲခဲ့ပါသည်။




| စွမ်းအင်ချွေတာရေးလုပ်ဆောင်မှုများ | ဥပမာ |
|---|---|
| စွမ်းအင်ချွေတာစေနိုင်သော မီးအိမ်များ အသုံးပြုခြင်း | ရုံးခန်းများအားလုံးနှင့် ထုတ်ကုန်ထုတ်လုပ်ရေးအဆောက်အဦးများ တွင် LED မီးများ၊ ပိုမိုထိရောက်သော စက်ပစ္စည်းများအား အစား ထိုးလဲလှယ်ခြင်း |
| ပုံသေမှ အရှင်ဖြစ်အောင် ပြောင်းလဲခြင်း | ခဲသတ္တုအခိုးအငွေ့များ၊ အက်ဆစ်အခိုးအငွေ့များနှင့် ဖုန်စုပ်စက်များ၏ ကြိမ်နှုန်းစနစ်အား ထိန်းညှိပေးခြင်း |
| ယိုစိမ့်မှုများနှင့် စွမ်းအင်ဆုံးရှုံးမှုများအား လျော့ချခြင်း | မလိုအပ်သောအခြေအနေများတွင် လေဒဏ်ကာကွယ်ရန် ခလုတ်အဖွင့်အပိတ်အား ပြင်ဆင်ထားရှိပြီး သင့်တော်သော အလင်းထုတ်လုပ်မှု ဖြစ်ပေါ်စေရန် အလင်းရောင်အား လျော့ချပေးခြင်း |
| လေထုဖိအားထက်မြင့်သော စနစ်အား မွမ်းမံပေးခြင်း | လုပ်ငန်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်စေရန် ဓာတ်ငွေ့ဖိသိပ်စက်အားများ လျော့ချနိုင်စေရန် (ပိုက်လိုင်းများနှင့် စစ်ထုတ်ကိရိယာများအား ဖြတ်သန်းသွားသော ဖိအားများ) ကြားခံသိုလှောင်ရေးစည်များအား ထပ်ဆောင်းထားရှိခြင်း |
| နေ့ဘက်တွင် စွမ်းအင်သုံးစွဲမှုအား လျော့ချခြင်း | ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသော နေရာအချို့တွင် နေအလင်းရောင်အား ကောင်းစွာအသုံးပြုနိုင်စေရန် အလင်းရောင် ဖြတ်သန်းသွားလာနိုင်သည့် အမိုးများအား စီမံဆောင်ရွက်ပေးခြင်း |
| ပင်မလျှပ်စစ်ဖြတ်တောက်ရေးကိရိယာမှ အလိုအလျောက်လျှပ်စစ်ဖြတ်တောက်ပေး ရေးကိရိယာများအား ပြောင်းလဲအသုံးပြုခြင်း | မီးထွန်းသည့် အပိုင်းနှင့်ထုတ်လုပ်ရေးအပိုင်းအား ခွဲခြားရန် အလိုအလျောက် မီးဖြတ်တောက်ပေးသော ကိရိယာများအား တပ်ဆင် ခြင်း |

# Profit
## အကျိုးအမြတ်



Our company is committed in doing business to be based on integrity, transparency, responsibility, fairness and accountability. Thus,in manufacturing, procuring raw materials, every stages of production, packaging and distributing, our company complying the standards as prescribed by I.S.O 9001:2015. For the good management practices, the company adopts the Corporate Governance System. Thus, the company conducts the code of conduct, conflict of interest, Related Party transaction, Business Ethics and Work Ethics. So that the company enroll in Pwint Thit Sa(Transparency in Myanmar Enterprises) to be evaluate for 2020. The result was 18th in 2020.

ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမာဓိရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ သမာသမတ်ရှိမှုနှင့် တာဝန်ယူမှုတို့ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပြီးဖြစ်သည်။

ထို့ကြောင့် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် လည်းကောင်း၊ ကုန်ကြမ်းလက်ခံရာတွင်လည်းကောင်း၊ ထုတ်လုပ်မှုအဆင့်တိုင်းတွင်လည်းကောင်း၊ ထုပ်ပိုးရာတွင်လည်းကောင်း၊ ဖြန့်ချိရာတွင်လည်းကောင်း စံချိန်စံညွှန်းများ သတ်မှတ်ပြီး ISO 9001:2015 လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

တဖန် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုစနစ်ကောင်းမွန်စေရန် Corporate Governance စနစ်ကို ကျင့်သုံးခြင်းဖြင့် Code of Conduct၊ Conflict of Interest၊ Related Party Transaction၊ စီးပွားရေးကိုယ်ကျင့်တရား၊ လုပ်ငန်းကိုယ်ကျင့်တရားများကို ကျင့်သုံးဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုကို အဆင့်သတ်မှတ်ရန်အတွက် ပွင့်သစ်စ (မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု)သို့ ဆန်းစစ်ခဲ့ရာတွင် ၂၀၂၀ တွင် အဆင့် ၁၈ ရရှိခဲ့ပါသည်။

Proven ranked 18th in 2020 as Myanmar Most Transparent Company.

PWINT THIT SA
Transparency in Myanmar Enterprises

# Society

# လူမှုအဖွဲ့အစည်း

Proven believes in contributing to the people of Myanmar and all the different societies that we work in. In 2019-2020, we spent 61 million MMK on our CSR activities. Proven is proud to be among the top 300 Taxpayers in Myanmar. We have paid the tax value about 1.71 billion MMK for our 2019-2020 activities.

Proven သည် မြန်မာလူ့ဘောင်အဖွဲ့အစည်းအား ကူညီထောက်ပံ့လျက်ရှိပါသည်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ပရဟိတလုပ်ငန်းများတွင် ကျပ် ၆၁ သန်းခန့် သုံးစွဲခဲ့ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီသည် အခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်းများစာရင်းတွင် ပါဝင်သည့်အတွက်လည်း ဂုဏ်ယူမိပါသည်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း အခွန်အတွက် ကျပ် ၁.၇၁ ဘီလီယံခန့် ထမ်းဆောင်ထားပါသည်။

## Key Figures

We spent for our philanthropic activities.




MMK 61 million

Tax paid




MMK 1,707 million

Of the top 300 taxpayers




## Corporate Philanthropy

To fulfil requirements in the public sector under the C.S.R scheme in systematic and energetic ways, the company allotted Kyat 30 million (Kyat Thirty Million) in 2019-2020 year. Aims and objective in social consciousness of this allocated budget are to be used in the following areas;

- To donate necessities to the Social Welfare Organization such as NGO and INGO organizations.
- To provide medical and PPE supplies for health care units.
- To assist with educational materials to various welfare or public schools.
- To participate in blood donation activities by the employees.
- To engage in tree planting activities for the conservation of the environment.

Proven company Managing Director is currently fulfilling duties as Chairman of Yangon Region Young Entrepreneur Association (YRYEA) and also the Chairman of Yangon Automotive Components, Spare Parts and Accessories Association (YACSAA). Furthermore, he also took Executive Committee Member responsibilities at Myanmar Young Entrepreneur Association (MYEA) and Myanmar Industry Association. Finally, he also took on the position of General Secretary at Myanmar Barcode Association as well.



Blood Donation in Yangon

# ကုမ္ပဏီ၏လူမှုတာဝန်သိတတ်မှု

ကုမ္ပဏီအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းတွင် ငွေကျပ် ၃၀ သန်း လျာထားပြီး လူမှုရေးအသင်းအဖွဲ့များအား လှူဒါန်းခြင်း၊ ကျန်းမာရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ စုပေါင်းသွေးလှူ ပွဲပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင် စိုက်ပျိုးခြင်း စသည့် လူမှုတာဝန်သိတတ်မှု လုပ်ငန်းများ အား စနစ်တကျ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါ သည်။

Proven ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာသည် ရန်ကုန်တိုင်း ဒေသကြီးလူငယ်စွန့်ဦးတီထွင်စွမ်းဆောင်ရှင်များ အသင်း (YRYEA)တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးမော်တော်ယာဉ်အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း (YACSAA)တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (MYEA) နှင့် မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းတွင်လည်း အလုပ်မှုဆောင် ကော်မတီဝင်အဖြစ် ဆောင်ရွက်နေပြီး Myanmar Barcode Association တွင်လည်း အထွေထွေအတွင်း ရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။




(Blood Donation)




Battery donation for ambulance (355 Units)
(Covid-19)



Sharing is caring




Vitamin C supplement for employees

# Stakeholders Engagement

Our stakeholders are shareholders/investors, customers, suppliers, employees, government and regulators, associations, communities and societies. We engage with our different stakeholders in different ways and strive to be responsive to their concerns. We have guidelines and policies in place to govern our engagements with specific groups of stakeholders.

The following is how we engage our stakeholders:

| Stakeholders | How we engage | Engagement Activities | SDGs |
|---|---|---|---|
| Shareholders/ Investors | • Meeting<br>• Email and phone<br>• Letter<br>• Website | • Maintain good relationship with founding shareholders<br>• Convened 18th AGM in January 2020<br>• Directors attendance of the Corporate Governance Program by Myanmar Institute of Directors (MIOD)<br>• Publication of FY 2019–2020 Annual Report | 17<br>16<br>16<br>16 |
| Customers | • Email, phone and letter<br>• Social media<br>• Trade show, engagement event<br>• Workshops<br>• Website | • Designates a quality control department to ensure all our products meet the quality stated in each order<br>• Opening up regional sales and service centers<br>• Providing authorized service centers trained and certified by Proven<br>• Collect the disposal of batteries for recycling | 7, 10<br><br>4, 7<br>12 |

| Stakeholders | How we engage | Engagement Activities | SDGs |
|---|---|---|---|
| Suppliers | • Email, phone and letter<br>• Meeting<br>• Video conference | • Product/service quality and support<br>• Prompt payment and making complaints courteously<br>• Sharing policies and Code of Conduct<br>• Supplier development program | 1, 8, 10, 16<br>1, 8, 10, 16<br><br>9<br>8 |
| Employees | • Annual performance reviews<br>• Intranet, internet, email and phone<br>• Whistle blowing<br>• Training, workshop<br>• Meeting<br>• Employee survey<br>• Seminars, conference, forums<br>• Code of conduct | • Fair compensation, training support, providing relevant resource, safe working environment, disaster management, traffic safety support, subsidy of medical cost<br>• Equal employment opportunity and gender equality in hiring, training and promotion<br>• Medical check-up program at manufacture site<br>• Employee support initiatives during WFH and lockdown during Covid-19 outbreak<br>• CSR Program to all Employees | 1, 2, 3, 4, 6, 8, 13<br><br>5, 10<br><br>3<br>3, 8<br><br>3 |
| Government and Regulators | • Email, phone and letter<br>• Company regulatory filings<br>• Compliance statements<br>• Meeting | • Paid the tax value about MMK 1,707 million<br>• License request and renewals<br>• Compliance to regulatory requirements | 10, 16<br>16<br>16 |
| Associations, Communities and Societies | • Meeting, site visits<br>• Events and conference<br>• Email and phone<br>• Website<br>• Facebook | • Member of Myanmar Industries Association (MIA), Myanmar Chemical Industries Association (MCIA), Myanmar Automobile Manufacturers and Distributors Association (MAMDA), Yangon Automotive Components, Spare Parts and Accessories Association (YACSAA) and UMFCCI,<br>• Blood donation activities<br>• Battery donation for ambulance during covid-19 pandemic<br>• Continue support of anti-corruption through UN Global Compact<br>• Disaster Management<br>• Member in Responsible Care<br>• Process Life cycle analysis and action including waste disposal, treatment, air pollution | <br><br>3<br>3<br><br>16<br><br>13<br>12<br>12 |

# အကျိုးစီးပွားဆက်နွယ်သူများနှင့် ချိတ်ဆက်မှု

Proven ၏ အကျိုးစီးပွားဆက်နွယ်သူများမှာ အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ၊ သုံးစွဲသူများ၊ ပစ္စည်းတင်သွင်းသူများ၊ ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့၊ ဒေသခံအသိုင်းအဝိုင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် အမျိုးမျိုးသော အကျိုးစီးပွားဆက်နွယ်သူများကို နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ဆောင်ရွက်ကြပြီး ၎င်းတို့နှင့်ပတ်သက်သည့်ကိစ္စရပ်များကို တုန့်ပြန်ရန် ကြိုးစားဆောင်ရွက်ကြပါသည်။ အကျိုးစီးပွားဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံမှုများကို ထိန်းချုပ်ရန် ကျွန်ုပ်တို့တွင် လမ်းညွှန်ချက်များနှင့် မူဝါဒများ ရှိပါသည်။

အောက်ဖော်ပြပါဇယားတွင် အကျိုးစီးပွားဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်အကြောင်းအရာများကို ဖော်ပြထားပါသည်။

| အကျိုးစီးပွား ဆက်နွယ်သူများ | ကျွန်ုပ်တို့ဘယ်လို ချိတ်ဆက်ဆောင်ရွက်ကြသလဲ | ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်တာများ | SDGs |
|---|---|---|---|
| အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ | • အစည်းအဝေးများ<br>• အီးမေးလ်နှင့် ဖုန်း<br>• စာ<br>• အင်တာနက်စာမျက်နှာ | • ကနဦးတည်ထောင်သော အစုရှယ်ယာရှင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းခြင်း<br>• ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလတွင် ၁၈ ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပခြင်း<br>• Myanmar Institute of Directors (MIOD) မှ ကျင်းပသည့် ကော်ပိုရိတ်စီမံခန့်ခွဲမှုသင်တန်းသို့ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခြင်း<br>• ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုန်ပြန်ခြင်း | 17<br>16<br>16<br>16 |
| သုံးစွဲသူများ | • အီးမေးလ်၊ ဖုန်းနှင့် စာ<br>• လူမှုမီဒီယာ<br>• ကုန်စည်ပြပွဲ၊ ရင်းနှီးတွေ့ဆုံပွဲများ<br>• အလုပ်ရုံဆွေးနွေးပွဲများ<br>• အင်တာနက်စာမျက်နှာ | • အရည်အသွေးထိန်းချုပ်ခြင်း<br>• ဒေသဆိုင်ရာအရောင်းနှင့်ဝန်ဆောင်မှုစင်တာများ ဖွင့်လှစ်ခြင်း<br>• Proven မှ အသိအမှတ်ပြု၊ လေ့ကျင့်သင်ကြားပေးထားသော ဝန်ဆောင်မှုစင်တာများ ဖန်တီးပေးထားခြင်း<br>• ပြန်လည်အသုံးပြုရန်အတွက် ဘက်ထရီအိုးဟောင်းများ ဝယ်ယူခြင်း | 7, 10<br>4, 7<br>12 |

| အကျိုးစီးပွား ဆက်နွယ်သူများ | ကျွန်ုပ်တို့ဘယ်လို ချိတ်ဆက်ဆောင်ရွက်ကြသလဲ | ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်တာများ | SDGs |
|---|---|---|---|
| ပစ္စည်းတင်သွင်းသူ များ | • အီးမေးလ်၊ ဖုန်းနှင့် စာ<br>• အစည်းအဝေးများ<br>• ဗီဒီယိုဖြင့်ပြုလုပ်သော အစည်းအဝေးများ | • ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပံ့ပိုးမှု<br>• မြန်ဆန်သောငွေပေးချေမှုများပြုလုပ်ခြင်းနှင့် တိုင်တန်းမှု များအား ယဉ်ကျေးစွာ ရှင်းလင်းမှုပြုခြင်း<br>• မူဝါဒနှင့် ကျင့်ဝတ်စည်းကမ်းများအား မျှဝေခြင်း<br>• ပစ္စည်းတင်သွင်းသူများ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ | 1, 8, 10, 16<br>1, 8, 10, 16<br><br>9<br>8 |
| ဝန်ထမ်းများ | • နှစ်စဉ် စွမ်းဆောင်ရည်ပြန်လည် သုံးသပ်ချက်များ<br>• ရုံးတွင်းအင်ထရာ၊ အင်တာနက်၊ အီးမေးလ်နှင့် ဖုန်း<br>• အသိပေးတိုင်ကြားခြင်း<br>• သင်တန်း၊ အလုပ်ခွင် လေ့ကျင့်ရေး<br>• အစည်းအဝေးများ<br>• ဝန်းထမ်းများ၏ စစ်တမ်းများ<br>• ဆွေးနွေးပွဲများ<br>• ကျင့်ဝတ်စည်းမျဉ်း | • ကောင်းမွန်မျှတသော လစာပေးခြင်း၊ ကျွမ်းကျင်မှု သင်တန်းများ ထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာ အရင်းအမြစ် များ ထောက်ပံ့ပေးခြင်း၊ လုံခြုံမှုရှိသော လုပ်ငန်းခွင် ဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာမှုသင်တန်းများ ပြုလုပ်ပေးခြင်းနှင့် နာမကျန်းမှုအတွက် ထောက်ပံ့ငွေပေးခြင်း<br>• ဝန်ထမ်းငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ရာထူးတိုးမြှင့် ခြင်းများအတွက် ကျားမ ခွဲခြားမှုမရှိဘဲ တန်းတူအခွင့် အရေး ရစေခြင်း<br>• ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများအား ဆေးစစ်ခြင်း ပြုလုပ်ပေးခြင်း<br>• ကိုဗစ် ၁၉ ဖြစ်ပွားစဉ် ဝန်ထမ်းများအား နေအိမ်မှနေ၍ အလုပ်လုပ်စေခြင်း<br>• ဝန်ထမ်းအားလုံးအတွက် ထောက်ပံ့ရေးလုပ်ငန်းများ စီမံပေးခြင်း | 1, 2, 3, 4, 6, 8, 13<br><br><br><br><br><br><br>5, 10<br><br><br>3<br><br>3, 8<br><br>3 |
| အစိုးရနှင့် အာဏာပိုင် အဖွဲ့အစည်းများ | • အီးမေးလ်၊ ဖုန်း နှင့် စာ<br>• ကုမ္ပဏီ၏စည်းမျဉ်းပုံစံများ<br>• လိုက်နာခြင်းဆိုင်ရာ ကြေညာချက်များ<br>• အစည်းအဝေးများ | • ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ အခွန်ငွေ ကျပ် ၁,၇၀၇ သန်း ပေးသွင်းခဲ့ခြင်း<br>• လိုင်စင်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း<br>• စည်းမျဉ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း | 10, 16<br><br><br>16<br>16 |
| အသင်းအဖွဲ့၊ ဒေသခံအသိုင်းအဝိုင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ | • အစည်းအဝေး၊ လုပ်ငန်းခွင် လာရောက်လေ့လာခြင်း<br>• ပြပွဲနှင့် ဆွေးနွေးပွဲများ<br>• အီးမေးလ်နှင့် ဖုန်း<br>• အင်တာနက်စာမျက်နှာ<br>• Facebook | • မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)၊ မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း (MCIA)၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း (MAMDA)၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း (YACSAA) နှင့် UMFCCI တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း<br>• သွေးလှူဒါန်းခြင်းအစီအစဉ်<br>• ကိုဗစ် ၁၉ ဖြစ်ပွားစဉ် လူနာတင်ယာဉ်များအား ဘက်ထရီများ လှူဒါန်းခြင်း<br>• UN Global Compact မှတဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအား စဉ်ဆက်မပြတ် အားပေးထောက်ပံ့ မှုပေးခြင်း<br>• သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး<br>• Responsible Care ၏ အဖွဲ့ဝင်ဖြစ်ခြင်း<br>• စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း၊ ကုသရေး၊ လေထုညစ်ညမ်းမှု စသည်တို့နှင့်ပတ်သက်၍ Process Life cycle အား ဆန်းစစ်ခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်ခြင်း | 12<br><br><br><br><br><br><br>3<br>3<br><br>16<br><br><br>13<br>12<br>12 |




# Reporting

Standards

# 5.





## Standards (စံနှုန်းများ)

Proven embraces the following standards:

SUSTAINABLE DEVELOPMENT GOALS · United Nations Global Compact · GRI STANDARDS · International Labour Organization

You can also find the mapping of our data to the GRI Standards, the SDGs, and the UNGC on page 51.



# Reporting
## အစီရင်ခံတင်ပြခြင်း

Proven supports the United Nations Sustainable Development Goals (SDGs). SDGs define global sustainable development priorities and asporations for 2030, highlighting the world's biggest social and environmental issues.

ကုလသမဂ္ဂကသတ်မှတ်ထားသည့် SDGs သည် ၂၀၃၀ ပြည့်နှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးဦးစားပေးမှုများနှင့် မျှော်မှန်းချက်များကို သတ်မှတ်ထားပြီး ကမ္ဘာ့အကြီးဆုံးလူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို မီးမောင်းထိုးပြထားပါသည်။

SUSTAINABLE DEVELOPMENT GOALS

As the responsible company, we consider the following SDGs as the most relevant for Proven.

| | | |
|---|---|---|
| 3 GOOD HEALTH AND WELL-BEING | We aim to ensure healthy lives and well-being for all.<br>We engaged in minizing risks of negative impact on people due to our activities. (p.43) | အားလုံးကျန်းမာသောဘဝများကို ပိုင်ဆိုင်နိုင်ရန် နှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရေးကို အလေးထားပါသည်။<br>မိမိတို့၏ လုပ်ဆောင်ချက်များကြောင့် ပြည်သူများအပေါ် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှု ဖြစ်နိုင်ခြေအနည်းဆုံးရှိစေရန် ဆောင်ရွက်ထားပါသည်။ |
| 4 QUALITY EDUCATION | We support education and knowledge sharing.<br>We develop the competence of our employees through classroom learning on OJT. (p.41) | ကျွန်ုပ်တို့သည် ပညာရေးနှင့် ဗဟုသုတမျှဝေရေးကို အထောက်အပံ့ပေးပါသည်။<br>လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုကို ဖွံ့ဖြိုးစေပါ သည်။ |
| 5 GENDER EQUALITY | We promote an inclusive and diverse workplace. Ensuring equal opportunities and fostering gender equality at all levels is a strategic priority for us. (p.40) | မတူကွဲပြားမှုများနှင့်ပူးပေါင်းပါဝင်သော လုပ်ငန်းခွင်တစ်ခုကို မြှင့်တင်ဖော်ဆောင်လျက် ရှိပါသည်။ အဆင့်အားလုံးတွင် တန်းတူအခွင့်အရေးများ ရရှိစေရန် နှင့် ကျား/မ တန်းတူညီမျှမှု မြှင့်တင်ရေးသည် ကျွန်ုပ်တို့အတွက် မဟာဗျူဟာမြောက် ဦးစားပေးတစ်ခု ဖြစ်ပါသည်။ |
